## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့်မတုန်လှုပ်ကုန်။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၅)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေအထားဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★

**ဆောင်းပါး** စည်းလုံးကြပါ ရွှေမြန်မာ စာ - ၁၃ သို့

**၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ** စာ - ၅ သို့


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။
ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
Easy Pay

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်)

# ငွေရတုမှသည် ရတုပေါင်းများစွာသို့တိုင်

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်မှ စတင်ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်ပြည့်မှ၂၀ နှစ်အတွင်း)နှင့်အခြေခံပညာအဆင့်(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)ဟူ၍ အဆင့်(၅)ဆင့်ဖြင့် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည်။ ယခုနှစ်တွင် အခါတိုင်းနှစ်များထက် ပိုမိုထူးခြားစွာပြိုင်ပွဲဝင်ဦးရေမှာ၂၅၈၄ ဦးအထိ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၂၀၂၂ ခုနှစ်မှစတင်၍ ပြန်လည်ကျင်းပပေးသည့်အတွက် အနုသုခုမဝါသနာရှင်များအတွက် အခွင့်အလမ်းကောင်းကိုဖန်တီးပေးခြင်းဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မတိမ်ကော၊ မပပျောက်အောင်ထိန်းသိမ်းရမည်မှာ နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး၏တာဝန်ဖြစ်သည်။ ယဉ်ကျေးမှုပျောက်လျှင်လူမျိုးပျောက်မည်ဆိုထားသည့်အတိုင်း နိုင်ငံနှင့်လူမျိုးတို့၏အနာဂတ်သာယာလှပရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းခြင်းမှာ အလွန်ကောင်းမွန်သည့်ဆောင်ရွက်ချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးစုကြီးရှစ်မျိုးနှင့် မျိုးနွယ်စုပေါင်း ၁၀၀ ကျော်စုပေါင်းနေထိုင်သည့်နိုင်ငံဖြစ်သည်။ လူမျိုးတိုင်းတွင်ကိုယ်ပိုင်ယဉ်ကျေးမှုဂီတအနုပညာများရှိကြသည်။ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဟူသော တူရိယာငါးမျိုးပေါ်တွင် အခြေခံကာ တီးမှုတ်ကြခြင်းဖြစ်သည့်အတွက် အဆို၊ အက၊ အတီးတို့တွင်ကွဲပြားမှုမရှိလှပေ။ အရေးပညာမှာလည်း တိုင်းရင်းသားအားလုံးတူညီစွာရေးသားသည့် မြန်မာစာအရေးအသားအတိုင်းသာဖြစ်သည်။ တိုင်းရင်းသားရှစ်မျိုးတို့၏ ရိုးရာတူရိယာ ၄၃ မျိုးကို အချိုးညီညီတီးမှုတ်ပြသည့် သံစုံတီးဝိုင်းတီးခတ်ခြင်းမှာ ကြည့်မြင်ရသူတိုင်း၏စိတ်ကို ကြည်နူးချမ်းမြေ့စေသည်။ နားထောင်၍မဝနိုင်အောင်ဖြစ်ကြရသည်။

(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တိုင်းရင်းသားတို့၏ တူရိယာများနှင့်သံစုံတီးဝိုင်းတီးပြီး ဖွင့်ပွဲအခမ်းအနားကိုစတင်လိုက်ခြင်းမှာ ထူးခြားလှသောမြင်ကွင်းကို ပထမဆုံးအကြိမ်မြင်တွေ့ရခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အနုသုခုမပညာဖြင့်ဖော်ပြလိုက်ခြင်းလည်းဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်အချိန်ကာလမှာလည်း မြန်မာတို့၏သီတင်းကျွတ်အခါသမယနှင့်တိုက်ဆိုင်နေသည့်အတွက် နေ့စဉ်အားပေးကြည့်ရှုကြသည့်ပရိသတ်မှာလည်းများပြားလှသည်။

ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ပြိုင်ပွဲဝင်လူငယ်မောင်မယ်လေးများမှာ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ဖြင့်မိမိတို့ပြိုင်ပွဲဝင်သည့်ဘာသာရပ်ကိုပိုင်နိုင်စွာယှဉ်ပြိုင်နိုင်ကြသည်။ နောင်တစ်ချိန်တွင်ပညာရှင်ကြီးများအဖြစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်တွေကိုပြန်လည်လက်ဆင့်ကမ်းပေးနိုင်မည့်သူများဖြစ်လာပေမည်။ ဤသို့ဖြင့်မြန်မာ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းစောင့်ရှောက်မှုသည်စက်ဝိုင်းတစ်ခုကဲ့သို့ အဆက်မပြတ်လည်ပတ်နေမည်ဟုယုံကြည်မိသည်။

ယခုနှစ်ပြိုင်ပွဲ၏မဟာဇနကဇာတ်တော်ကြီး ကပြတင်ဆက်မှုများတွင်“ မဟာဇနက”ဇာတ်တော်ကြီးမှပေးလာသည့်သင်ခန်းစာဖြစ်သည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့်စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာအားထုတ်ကြိုးပမ်းမည်ဆိုပါကမည်သို့ပင် အခက်အခဲ အဟန့်အတားများကြုံတွေ့ရပါစေ ကျော်လွှားအောင်နိုင်ပြီး မိမိတို့မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရစမြဲဖြစ်သည်ဆိုသည့် သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင်သရုပ်ဖော်ထားသည်။ ထို့အတူရုပ်သေးပြိုင်ပွဲ၌ကပြယှဉ်ပြိုင်သည့် “ဝေဿန္တရာ” ဇာတ်တော်ကြီးတွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့် အဓမ္မအားပြိုင်မှုတို့ကို ပေါ်လွင်အောင်ညွှန်းဖွဲ့တင်ဆက်ကြသည်။

ရှေးကရဟန်းစာဆိုများအပါအဝင်လူပညာရှိ၊ ရဟန်းပညာရှိများသည် မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ်များဖြစ်သည့်(၅၅၀)နိပါတ်တော်နှင့်ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လိုတစ်မျိုး၊ ပျို့ကဗျာလင်္ကာစာပေလိုတစ်နည်း၊ စာဟောကွက်စိပ်ဇာတ်သဘင်လိုတစ်ဖုံ၊ နည်းလမ်းမျိုးစုံဖြင့်ဖန်တီးဖွဲ့ဆိုထားခဲ့ခြင်းကြောင့် အဆိုပါဇာတ်ကြီးဆယ်ဘွဲ့မှ နှစ်အလိုက်ဇာတ်တော်ကြီးများကို သတ်မှတ်ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ်ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်နေခြင်းဖြစ်သည်။ မြန်မာလူမျိုးတို့၏သမိုင်းကြောင်းခိုင်မာနက်ရှိုင်းမှုနှင့်ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲနေရန် မျိုးဆက်သစ်လူငယ်များကိုအမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် ဖော်ဆောင်လျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှာ ငွေရတုမှသည် ရတုပေါင်းများစွာ ဆက်လက်တည်တံ့ရှည်ကြာပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## သန်းခေါင်စာရင်း အကောက်မခံရသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၅၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

**(ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၀-၁၀-၂၀၂၄(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၂၇၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့



ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ အောက်တိုဘာလတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၂၇၀ ကျော်တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ၇၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေပြီး အောက်တိုဘာလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် စုစုပေါင်းငွေကျပ် ၂၇၂၄၁၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၅၃၆ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၈၃၂၅၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၉၇၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ကျော် အရောင်းအဝယ်ကျဆင်းခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၉၄၈၀၉၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၂၈၃၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ တစ်သောင်းခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၀၅၀၀၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ၁၂၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေထက်ဝက်ခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၁၅၃၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၆၅၀၀ ကျော် အရောင်းအဝယ်ကျဆင်းခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၀၂၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၇၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၆၀၀ ကျော် အရောင်းအဝယ်ကျဆင်းခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၆၅၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၅၈၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေထက်ဝက်ခန့် အရောင်းအဝယ်ကျဆင်းခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၃၇၉၆၀၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင်ရေ ၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၁၃၀၀ ကျော်အရောင်းအဝယ်ကျဆင်းခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၃၆၂၁၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ ၁၀၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ၈၀၀၀ ကျော် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# မြန်အောင်မြို့နယ်၌ ဒေသထွက်ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

မြန်အောင် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှထွက်ရှိသော ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သီတာ၏ပြောကြားချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ အောက်တိုဘာလပထမပတ်မှစ၍ လက်ရှိအချိန်ထိ ခရမ်းသီးများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသ၌ တစ်ရက်လျှင် ခရမ်းသီးအလုံးရေ ၃၇၀၀၀ မှ ၅၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကထွက်ရှိတဲ့ ခရမ်းသီးတွေ ဝယ်လိုအားကောင်းနေပါတယ်။ တခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လိုအားများနေတာပါ။ မြန်အောင်မြို့နယ်ကနေ တခြားဒေသတွေကို တစ်ရက်ကို ခရမ်းသီးအလုံးရေ ၃၇၀၀၀ ကနေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ ဒီနှစ် ခရမ်းသီးတွေ အရည်အသွေးကောင်းသလို အထွက်နှုန်းလည်းကောင်းပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးရော အရှည်သီးပါ အရောင်းအဝယ်ကောင်းပါတယ်" ဟု ဒေါ်သီတာကပြောသည်။

အဆိုပါဒေသထွက် ခရမ်းသီးများအပါအဝင် တခြားကုန်စိမ်းများကို မြန်အောင်ဈေးကွက်အပြင် ပုသိမ်၊ ရေကြည်စသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် COEX FOOD WEEK 2024 ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်ထား

ရန်ကုန် အောက်တိုဘာ ၁၉

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Convention & Exhibition Center (COEX) ၌ နိုဝင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ COEX FOOD WEEK 2024 ပြပွဲကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအား ပါဝင်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။

အဆိုပါပြပွဲကိုWORLD FOODTECH EXPO နှင့် THE KOREA BAKERY SHOW တို့နှင့်အတူ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သောကြောင့် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပလေ့ရှိသည့် စားသောက်ကုန်ပြပွဲများအနက် အစည်ကားဆုံးပြပွဲဖြစ်သည်။

COEX FOOD WEEK ပြပွဲကို နှစ်စဉ်တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပပြီး ပြပွဲကာလအတွင်း ကမ္ဘာအနှံ့ရှိ စားသောက်ကုန်နှင့် အဖျော်ယမကာကဏ္ဍမှ ကုန်စည်များနှင့်ဝန်ဆောင်မှုများကို ခင်းကျင်းပြသလေ့ရှိသည်။ ယခုနှစ်တွင် ကျင်းပမည့် COEX FOOD WEEK 2024 ပြပွဲတွင် နိုင်ငံပေါင်း ၂၀ မှ ကုမ္ပဏီ ၁၀၀၀ ခန့်က ပြခန်းပေါင်း ၁၄၀၀ ကျော်ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ပြပွဲသို့ လာရောက်လေ့လာသူနှင့် အဝယ်တော်ဦးရေ စုစုပေါင်း ၅၅၀၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသခြင်းဖြင့် ကမ္ဘာအနှံ့အပြားမှ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းအဖွဲ့အစည်းများနှင့်ချိတ်ဆက်မိပြီး စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အခွင့်အလမ်းများ ရရှိလာနိုင်ကြောင်း၊ ယခုနှစ်ပြပွဲသို့ တက်ရောက်လေ့လာရန် ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များအတွက် နံနက်စာပါဝင်သည့် ဟိုတယ်အခန်းတစ်ခန်းကို လေးညတာတည်းခိုနေထိုင်ခွင့်နှင့် နှစ်ရက်စာနေ့လယ်စာတို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

COEX FOOD WEEK 2024 ပြပွဲတွင် ပါဝင်ပြသလိုသော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၃၀၈၆၂ နှင့် အီးမေးလ် - event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

**ကျွန်းစဉ်မြေစာခက်**

**ယမန်နေ့မှအဆက်**

ကြက်စင်မြစ်သို့အရောက်တွင် လေငြိမ်သွားသဖြင့် ကျွန်တော်တို့ ရွက်ကိုချပြီး တက်ရေးပြကြရပြန်သည်။

"ကဲ ကြက်စင်မြစ်ရောက်ပြီဟေ့၊ ခတ်တက်ခတ်တာ ပြင်းပြင်းလေးဆွဲခတ်ရမှာနော်"

ပဲ့ကိုင်က အသံကိုမြှင့်ပြီး သတိပေးလိုက်သည်။ ကျွန်တော်နှင့် တက်ခတ်သားတွေကလည်း ခတ်တက်ကို ခပ်ပြင်းပြင်းဆွဲခတ်လိုက်ကြသည်။ တက်ခတ်သားတွေ ချွေးပြိုက်ပြိုက်ကျနေကြပေပြီ။

"ကဲ သူငယ်ချင်းတို့၊ ငါ အိမ်သာတက်ချင်တယ်ကွာ၊ ဝမ်းသွားချင်တယ်"

"မကြာစေနဲ့နော်၊ ပင်လယ်ဖြတ်နေတာ"

တက်ခတ်သား နွားအောင်က ကြောင်လေးကို ခပ်မာန်မာန်ပြောလိုက်သည်။ ကြောင်လေးက မျက်နှာလေးရှုံ့မဲ့ပြီး အိမ်သာစင်သို့ဆင်းလိုက်သည်။

ရခိုင်ကျွန်းစဉ်ဒေသ ခရီးသွားလှေများတွင် အိမ်သာဆိုသည်မှာ သစ်သားချောင်းသုံးချောင်းကို လူတစ်ထိုင်စာ တြိဂံကွက်ချပြီး သံရိုက်ထားခြင်းဖြစ်သည်။ တြိဂံကွက်အိမ်သာတန်းကို လှေနံရံသစ်သားတိုင်မှာ စွပ်ချထားခြင်းပင်ဖြစ်သည်။ အကွယ်အကာဟူ၍ ဘာတစ်ခုမျှမပါ။

"အရေးကြီးနေရတဲ့အထဲ ကြောင်လေးဘာဖြစ်တာလဲဟေ့"

"ဟုတ်ကဲ့ပါ ဦး၊ ကြောင်လေးအိမ်သာတက်နေပါတယ်"

"ဟုတ်ရဲ့လားကွာ၊ တော်တော်ကြာနေပြီပဲ၊ ဒီလောက်မကြာသင့်ပါဘူး၊ ကြည့်ကြပါဦး ၊ ဘာလုပ်နေတာလဲ"

ပဲ့ကိုင် ဦးဖိုးဆင်၏စကားကြောင့် အောင်တင်နှင့် နွားအောင်တို့ အိမ်သာစင်ပေါ်က ကြောင်လေးကို လှမ်းကြည့်လိုက်ကြသည်။

"ဟာ ကြောင်လေး မင်းက မဟုတ်တာလုပ်နေတာကိုး၊ ကဲ လာခဲ့"

နွားအောင်သည် ကြောင်လေးလက်ကိုလှမ်းကိုင်ပြီး လှေပေါ်သို့ဆွဲတင်လိုက်တော့သည်။

"အဲဒီကောင် ဘာလုပ်နေတာလဲ ဟေ့"

"ဘာလုပ်ရမလဲ ဦးကြီးရယ်၊ ဒီကောင်က ကြောင်ပီပီ ဉာဏ်များတာလေ၊ အိမ်သာစင်မှာ အိမ်သာတက်ချင်ဟန်ဆောင်ပြီး ဆောင့်ကြောင့်ထိုင်နေတာဗျ"



"ကြည့်စမ်း ဒီလောက်မြစ်ပြင်ကျယ်ထဲ တက်ခတ်သွားနေကြတာမှာ သက်သက်ကလိမ်ကကျစ်လုပ်ချင်တာ"

အောင်တင် ရယ်လျက်ဝင်ပြောလိုက်သည်။

"ဟုတ်တယ် ဒီလောက်ပင်လယ်ပြင်ဖြတ်နေတာ ရေသာခိုချင်တဲ့အကောင် ကဲ ခတ်စမ်း''

သူတို့တွေမှာ ကိုယ့်အချင်းချင်းတွေမို့ ခရီးသွားရင်း စကြနောက်ကြနှင့် ပျော်စရာလည်းကောင်းလှပေသည်။ အမောကြားက ပြုံးစရာလေးတွေကို ဖန်တီးတတ်ကြပေရာ ပင်ပန်းပေမယ့် ရွှင်လန်းခဲ့ကြသည်။

● ● ● ● ● ● ●

ဟန်တာပင်လယ်ကတော့ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်း မြေပုံမြို့၏အောက်ဘက် ကွမ်းချောင်းကျွန်းကြီးနှင့် ငမန်းရဲကျွန်းကြားတွင်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်နှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေသည်။ ဟန်တာပင်လယ်ပြင်မှာ သံသမကျောက်ပုံကြီးနှင့် ကျယ်ပြန့်သည့်သောင်ကြီးကြောင့် ရေကြောင်းသွားလာသူတွေ အတော်သတိထားကြရသည်။ ဘင်္ဂလားပင်လယ်အော်ဘက်က လှိမ့်ဝင်လာသည့် ကိုးလုံးစဉ်လှိုင်းမျိုးနှင့်တိုးလျှင် အထူးပင် စိုးရိမ်ကြရပါသည်။ ရခိုင်ပြည်နယ်တောင်ပိုင်းဘက်ကလူတွေ မြောက်ပိုင်းသို့သွားလျှင် မလွဲမသွေကျော်ဖြတ်ကြရသည့်နေရာလည်းဖြစ်သည်။ မြစ်ကမ်းနံဘေးက ရွာကလေးများမှာ ကျွန်တော်တို့ထင်းလှေပြေးအားနောက်တွင် တရိပ်ရိပ်ကျန်ခဲ့ကြသည်။

"ကဲ လက်ယာကမ်းဘက်မှာ မြင်နေရတဲ့ရွာက တောင်ရှည်ပြင်ရွာပဲ၊ ရွာတက်ပြီး ဟင်းလေးဘာလေး ရှာဝယ်ကြမယ်"

ပဲ့ကိုင် ဦးဖိုးဆင်သည် ထင်းလှေကို ရွာနှင့်အနီးဆုံးနေရာတွင် ကျောက်ဆူးချခိုင်းလိုက်သည်။

"ကဲ ကျွန်တော်ရွာထဲသွားမယ်၊ အောင်တင်လိုက်ခဲ့ပါ၊ ရွာထဲမှာ စားစရာ ဘာဟင်းရမလဲ သွားရှာကြမယ်"

ကျွန်တော်တို့နှစ်ယောက် စတော်လှေကလေးလှော်ပြီး ရွာဆိပ်ကမ်းတွင် ကပ်လိုက်ကြသည်။ တောင်ရှည်ပြင်ရွာမှာ မင်းပြားမြို့နယ်ထဲက ရွာကလေးဖြစ်သည်။ ချင်းမျိုးနွယ်စုတွေ နေထိုင်ကြသည့်ရွာဖြစ်သည်။ ရွာထဲသို့အရောက်မှာ သင်တိုင်းဝတ် ပါးရဲထိုးချင်းအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ကြသည်။

"မရီးရေ"

ကျွန်တော် လှမ်းခေါ်လိုက်တော့ ချင်းမ ကျွန်တော်တို့ကို လှမ်းကြည့်သည်။ ရခိုင်ဒေသ ချင်းရွာများသို့ ရောက်လျှင် အမျိုးသမီးများကို "မရီး"ဟုခေါ်ပြီး ချင်းအမျိုးသားဆိုလျှင် "ယောက်ဖ" ဟု ခေါ်လေ့ရှိကြသည်။

"ဒီလိုပါ မရီး၊ ကျွန်တော်တို့ ကျွန်းစဉ်နယ်ကပါ၊ ခရီးထွက်လာတာ ရိက္ခာပြတ်သွားလို့ဗျာ၊ အဲဒါ ဒီမှာ ဟင်းလေးဘာလေး ဝယ်လို့ရနိုင်မလားလို့"

"ဝက်ရမယ်"

ကျွန်တော့်စကားကို ချင်းမက ခပ်ပြတ်ပြတ်ပဲ ပြန်ဖြေသည်။

"ဝက်က တစ်ပိဿာ ဘယ်ဈေးတုံး မရီး"

"ဒီမှာက တစ်ပိဿာဆိုတာမရှိဘူး၊ အကောင်လိုက်ဝယ်ပြီးမှ အသားပေါ်ရတာ"

"အဲလိုဆို တစ်ကောင်ဘယ်လောက်လဲဟင်"

"ဟိုမှာတွေ့လား အဲဒီကောင်လောက်ဆို ၂၅ ကျပ်ပဲ"

အနီးက ဖြတ်လျှောက်သွားနေသည့် ဝက်တစ်ကောင်ကို လက်ညှိုးထိုးပြီး ရွာခံချင်းအမျိုးသမီးက ခပ်အေးအေးပဲ ပြောလိုက်သည်။ ကျွန်တော်စိတ်မှန်းဖြင့် ကြည့်လိုက်မိသည်။ လေးပိဿာလောက်တော့ ရှိနိုင်သည်။ မဆိုးဘူးလို့ ကျွန်တော်တွေးလိုက်မိသည်။ ရခိုင်ဒေသ ချင်းရွာတွေမှာမွေးသည့်ဝက်တွေကို ချင်းဝက်ဟုခေါ်ကြသည်။ အကောင်သေးပြီး လုံးလုံးကျစ်ကျစ်ကလေးတွေ။ နားရွက်ကလည်း သေးသေးလေးတွေ။ အဆီမများဘဲ အသားကျစ်သည့်အတွက် ဟင်းစားကောင်းသည်။ ချင်းရွာတွေမှာ ဝက်တွေကို အိမ်တိုင်းလိုလိုမွေးကြသည်။ သို့သော် ကိုယ့်ဝင်းကိုယ့်ခြံနှင့် လုံလုံခြုံခြုံမွေးကြသည်တော့မဟုတ်ပေ။ ဝက်တွေက ရွာထဲရွာပြင်အနှံ့ သွားလာနေတတ်ကြသည်။

ပိုင်ရှင်က အစာကျွေးဖို့အော်ခေါ်လိုက်မှ အစာလာစားတတ်ကြသည်။ ကိုယ့်ပိုင်ရှင်မဟုတ်ဘဲ သူများစားခွက်ကို ဝင်စားလေ့မရှိကြ။ ကိုယ့်ပိုင်ရှင်၏အသံကိုလည်း မှတ်မိတတ်ကြသည်။

"အဲဒီဝက် ရောင်းမှာလား"

"ရောင်းမှာလေ အဲဒါ ငါ့ဝက်ပဲ"

"ဟုတ်ပြီ မရီး၊ အဲဒီဝက်ဝယ်မယ်၊ ဖမ်းတော့ ဘယ်လိုဖမ်းမှာလဲ"

"နင်တို့ကလည်း ဝက်ဖမ်းတာ ခက်တာမှတ်လို့၊ လာကြ . . . လာကြ . . . ငါ့နောက်က လိုက်ခဲ့ကြ"

"ရော့ ရော့ ရော့ ရော့ ရော့"

ချင်းအမျိုးသမီးသည် ကျွန်တော်တို့နှစ်ယောက်ကိုပြောပြီး သူမ၏ဝက်ကို အသံပေးပြီး လှမ်းခေါ်လိုက်သည်။

ဝက်ကလေးမှာ အစာစားရတော့မှာမို့ထင်သည်။ ခပ်သွက်သွက်လိုက်ပါလာ၏။ သိပ်မကြာပါ ဝက်ကလေးမှာ ချင်းမအနီးသို့ ရောက်လာသည်။ ချင်းမသည် ရှေ့ကလမ်းပြပြီး ဝက်ကို ရွာပြင်သို့ခေါ်သွားလိုက်သည်။ အောင်တင်နှင့် ကျွန်တော်ကလည်း ဘာလုပ်တယ်ဆိုတာ နားမလည်ဘဲ ချင်းမနောက်က လိုက်သွားကြသည်။ တဖြည်းဖြည်းနှင့် ရွာပြင်ကွင်းစပ် ချုံကွယ်လေးတစ်ခုနားသို့ ရောက်လာကြသည်။

"ငအောင်ရေ လာ လာ ဒီမှာ ဒီမှာ"

ဝက်ပိုင်ရှင် ချင်းမအော်လိုက်ချိန်တွင် ရွာထဲက ဓားမတိုလေးကိုင်ပြီး ထွက်လာသော ချင်းကလေးချက်ချင်းသဘောပေါက်သွားပုံရသည်။ ချင်းကလေးနှင့်အောင်တင် နှစ်ယောက်ဆောင်ရွက်လိုက်ကြရာ အဆင်ပြေသွားတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုပစ္စည်းများပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

မြစ်သား အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုပစ္စည်းများ ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၁၈ ရက်က သီလင်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၅၅) ဦးပိုင်အမှတ် (၄၆) တောင်သူဦးအောင်ကျော်စိုး၏လယ်မြေ၌ ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားသည့်အနေဖြင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများ ပံ့ပိုးပေးခြင်း၊ သီးနှံအရည်အသွေးများကောင်းမွန်စေရန် လက်တွေ့ကွင်းဆင်းသရုပ်ပြသခြင်းနှင့် တောင်သူများ အချင်းချင်း အသိပညာဗဟုသုတများ လက်ဆင့်ကမ်းမျှဝေပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ ကွင်းသရုပ်ပြပွဲကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးမင်းနိုင်ကပြောသည်။

ထို့နောက် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေးများကို တောင်သူများလက်ဝယ်အရောက် ပံ့ပိုးပေးသည်။



အဆိုပါသွင်းအားစုပစ္စည်းများ ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြပွဲသို့ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးရှိန်းသူ၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်နှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ












နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျေးရွာဝါဒ” သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂီတရေစီးကြောင်း” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားကြိုးဆွဲရုပ်သေးရုပ်နှင့် ဇော်ဂျီကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ချင်းပြည်နယ်ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာဝါးညှပ်အကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာအကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကချင်ပြည်နယ်ကိုယ်စားပြု ရဝမ်ရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ရိုးရာဒုံးယိမ်းအကအဖွဲ့နှင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ရခိုင်ရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားနှင့်ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် 

**စာမျက်နှာ ၆ သို့**
















○ **စာမျက်နှာ ၅ မှအဆက်**

ရှမ်းပြည်နယ်တို့မှပြိုင်ပွဲဝင်များက "ဂီတဖြင့်ပြည်အလှဆင်မည်"ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မန်းတောင်လက်ယာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ဖန်ထွေလာ"(မွန်)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူတောင်ညာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟောဝန်လယ်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေမင်းဂံ" (ကာလပေါ်)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေမင်းဂံ"(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွတ်တန်းအဆင့်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ မွန်ရိုးရာတူရိယာအဖွဲ့၊ ကချင်ရိုးရာတူရိယာဂီတသံစဉ်အဖွဲ့၊ ရခိုင်ရိုးရာတူရိယာအဖွဲ့၊ ကရင်ရိုးရာတူရိယာအဖွဲ့၊ ချင်းရိုးရာတူရိယာအဖွဲ့၊ ရှမ်းရိုးရာတူရိယာအဖွဲ့နှင့် ကယားရိုးရာတူရိယာအဖွဲ့တို့က မိမိတို့၏ ရိုးရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပြည်ထောင်စုစိတ်ဓာတ်ကိုပေါ်လွင်စေမည့် အဆို၊ အကများနှင့်အတူ မြိုင်ဆိုင်လှသည့် တီးလုံးတီးကွက်များပေါင်းစပ်၍ လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ညင်းညင်း"(မွန်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခိုင်ပန်းစုံ" (ထပ်တွန့် ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်းမြူး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာသုတသောမ ဇာတ်တော်"ဖြင့် ဇာတ်တော်၏အနှစ်သာရနှင့်ဦးတည်ချက် ပေါ်လွင်အောင် **စာမျက်နှာ ၇ သို့**○

❍ **စာမျက်နှာ ၆ မှအဆက်**

နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် "ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု "ရွှေဖားစည်သံအောင်နန်းစံ"ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲ**တွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေးကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့်အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဟိုး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲကြီး၏ အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသား၊ အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား၊ အမျိုးသမီး)အဆင့်များ သတ်မှတ်၍ သတ်မှတ်ခေါင်းစဉ်အလိုက် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်လျက်ရှိသည်။

အတီးပြိုင်ပွဲများတွင် တစ်ဦးချင်းပြိုင်ပွဲများဖြစ်သည့် စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲများနှင့် ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲတို့အတွက် အဆင့်အလိုက် မဲကျရာတေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြရပြီး အိုးစည်၊ ဒိုးပတ်အဖွဲ့လိုက် ပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ငွေရတုအထိမ်းအမှတ်အဖြစ် ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တိုင်းရင်းသားရိုးရာ တူရိယာများဖြင့် လက်စွမ်းပြဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိသံဃာတော်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ဒေသခံပြည်သူ စုစုပေါင်း ၁၆၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော သီးနှံစိုက်ခင်းများ ပြန်လည် စိုက်ပျိုးနိုင်စေရေး တောင်သူများအားပံ့ပိုးကူညီနိုင်ရန်စီစဉ်

ရန်ကုန် အောက်တိုဘာ ၁၉

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်စေရေး တောင်သူများအားပံ့ပိုးကူညီနိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

စက်တင်ဘာလအတွင်းက မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် သီးနှံစိုက်ခင်းတချို့ ထိခိုက်ပျက်စီးခဲ့ရာ အဆိုပါစိုက်ခင်းများ ပြန်လည်စိုက်ပျိုးနိုင်ရေး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အရင်းမပျောက် မတည်ရန်ပုံငွေတစ်ရပ် ထူထောင်ကာ တောင်သူများအားပံ့ပိုးကူညီရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

"နိုင်ငံတော်အစိုးရရဲ့ ကြီးကြပ်မှုနဲ့ အရင်းမပျောက် မတည်ရန်ပုံငွေတစ်ရပ် ထူထောင်ပြီး တောင်သူလယ်သမားတွေကို အတိုးမဲ့ ထုတ်ချေးပေးသွားပါမယ်။ အခုနောက်ပိုင်း ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးအန္တရာယ်တွေက ခပ်စိပ်စိပ်ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာတော့ ရန်ပုံငွေတစ်ခုရှိမှ တောင်သူလယ်သမားတွေရဲ့ ထိခိုက်ပျက်စီးမှုတွေကို ပြန်လည်ကုစားနိုင်မှာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ပြန်လည်ကုစားလို့ အဆင်ပြေသွားရင် ရန်ပုံငွေထဲကို ပြန်ထည့်မယ်။ နောက် လိုအပ်ချက်ပေါ်လာတဲ့အခါကျတော့လည်း လိုအပ်တဲ့သူက ဒီရန်ပုံငွေကနေပြန်ပြီးတော့ ထုတ်သုံးတဲ့စနစ်မျိုး ဆောင်ရွက်သွားမှာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

အဆိုပါ အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့အပြင် ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ပြည်ပသို့ ဆန်တင်ပို့နေသော ကုမ္ပဏီများနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု မိုးစပါးစိုက်ပျိုးရာသီတွင် စပါးစိုက်တောင်သူများအနေဖြင့် စပါးခင်းများရေလွှမ်းမိုးမှုကို ဩဂုတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလတွင် နှစ်ကြိမ်တွေ့ကြုံခဲ့ရပြီး နိုင်ငံတစ်ဝန်း၌ စုစုပေါင်းထိခိုက်ပျက်စီးခဲ့သည့် စပါးစိုက်ဧကပေါင်း ကိုးသိန်းခန့်ရှိကြောင်း သိရသည်။

**ဆောင်းဦး**



## မင်းလမ်း(မြန်မာ)ကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

ဖြူး အောက်တိုဘာ ၁၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် လိပ်သေကျေးရွာအုပ်စု မင်းလမ်း(မြန်မာ)ကျေးရွာ၌ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးငွေဖြင့် ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ဖြူးမြို့နယ်အတွင်း VDP စီမံကိန်းဖြင့် ကျေးရွာခုနစ်ရွာ၌ တစ်ရွာလျှင် ငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်ရောမြေလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မင်းလမ်း(မြန်မာ)ကျေးရွာ၌ အရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးပြီးစီးပါက ကျေးရွာတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**ကမ္ဘာ့အရိုးပွရောဂါနေ့ အထိမ်းအမှတ်ဆောင်းပါး**

# စောစီးစွာကာကွယ်သင့်သော အရိုးပွရောဂါ

> "အရိုးပွရောဂါဆိုသည်မှာ အရိုးများပါးလွှာပြီး ကြံ့ခိုင်မှု လျော့နည်းလာသောကြောင့် အရိုးများ၏ အရည်အသွေး ကျဆင်းသွားသည့် အခြေအနေတစ်ခုဖြစ်သည်။ ယင်းသည် အရိုးများကို ကျိုးလွယ်စေပြီး နာကျင်ခြင်းနှင့် မသန်စွမ်း ဖြစ်စေသည်။ အရိုးပွရောဂါကို အသံတိတ်ရောဂါ (Silent Disease)ဟု ခေါ်တွင်ခြင်းမှာ လူအများစုသည် အရိုးပွရောဂါ ရှိနေသော်လည်း အမြင့်မှပြုတ်ကျခြင်း သို့မဟုတ် ခလုတ်တိုက် လဲပြီးနောက် အရိုးကျိုးသွားသည့်တိုင်အောင် ၎င်းတို့တွင် ရောဂါရှိနေသည်ကို မသိသောကြောင့်ဖြစ်ပါသည်. . ."

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်သည် ကမ္ဘာ့အရိုးပွရောဂါနေ့ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့အရိုးပွရောဂါနေ့၏ ဆောင်ပုဒ်မှာ 'Say no to fragile bones' ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ၂၀ ရက်ကို ကမ္ဘာ့အရိုးပွရောဂါနေ့ အဖြစ်သတ်မှတ်ပြီး တစ်နှစ်တာလှုပ်ရှားမှု အနေဖြင့် အရိုးပွရောဂါကာကွယ်ခြင်း၊ ရောဂါရှာဖွေခြင်း၊ အရိုးပွရောဂါနှင့် ပတ်သက်သောကုသမှုနှင့် အရိုးကျန်းမာရေးအကြောင်းကို ကမ္ဘာသူ၊ ကမ္ဘာသား အားလုံးသိရှိနိုင်ရေး အသိပညာပေးရန် ရည်ရွယ်ပါသည်။

နှစ်စဉ် ကမ္ဘာ့အရိုးပွရောဂါနေ့အထိမ်းအမှတ် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုကို နိုင်ငံတကာအရိုးပွရောဂါဖောင်ဒေးရှင်းမှ ဦးဆောင်ပြီး အရိုးပွရောဂါနှင့်ယင်း၏ ဝန်ထုပ်ဝန်ပိုးများကို မီးမောင်းထိုးပြရန် ကမ္ဘာအရပ်ရပ်ရှိ တက်ကြွလှုပ်ရှားသူများ စုစည်း၍ ဘုံကြိုးပမ်းမှုဖြင့် မီဒီယာများ၏စိတ်ဝင်စားမှုကို လှုံ့ဆော်ပေးကာ တစ်ကမ္ဘာလုံးရှိ လူထုထံသို့ပျံ့နှံ့စေခဲ့သည်။ ယခုနှစ် ကမ္ဘာ့အရိုးပွရောဂါနေ့ လှုပ်ရှားမှုသည် အသက်အရွယ်မရွေး အရိုးများကို တန်ဖိုးထားကာကွယ်ရန် တိုက်တွန်းခြင်းဖြင့် အရိုးကျန်းမာရေးကို မြှင့်တင်ရန်နှင့် မသန်စွမ်းဖြစ်ခြင်းကို ရပ်တန့်ရန် ကြိုးပမ်းမည်ဟုရည်ရွယ်ထားပါသည်။

ကမ္ဘာတစ်ဝန်းတွင် အရိုးပွရောဂါကြောင့် အရိုးကျိုးခြင်းပမာဏသည် နှစ်စဉ် လူဦးရေ ၃၇ သန်းအထိ ဖြစ်ပွားလျက်ရှိပြီး လူသားတို့၏ ကျန်းမာရေး အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။ သို့သော်လည်း ယနေ့ အချိန်ထိ အရိုးပွရောဂါကို ရှာဖွေတွေ့ရှိပြီး ကုသပေးနိုင်မှု နည်းပါးနေသေးသည်။ ထို့ကြောင့် အရိုးကျန်းမာရေးကိုဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ကာ အရိုးကျိုးပြီး နောက် ကုသရေးဝန်ဆောင်မှုများကိုနည်းအမျိုးမျိုးဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ အရိုးကျိုး၍ ဆေးရုံသို့ ရောက်လာသော အသက် ၅၀ ကျော် အရွယ် လူနာတိုင်းသည် နောက်တစ်ကြိမ် အရိုးကျိုးနိုင်ခြေမြင့်မားပြီး အသက်အန္တရာယ်ရှိနိုင်သည့်အတွက် ယင်းကို ကာကွယ်ရန် အရိုးပွရောဂါနှင့်အန္တရာယ် ဖြစ်စေသောအချက်များကို ရှာဖွေကုသရန်လိုအပ်ပါသည်။

အရိုးပွရောဂါဆိုသည်မှာ အရိုးများ ပါးလွှာပြီး ကြံ့ခိုင်မှုလျော့နည်းလာသော ကြောင့် အရိုးများ၏ အရည်အသွေး ကျဆင်းသွားသည့် အခြေအနေတစ်ခုဖြစ်သည်။ ယင်းသည် အရိုးများကို ကျိုးလွယ်စေပြီး နာကျင်ခြင်းနှင့် မသန်စွမ်းဖြစ်စေသည်။ အရိုးပွရောဂါကို အသံတိတ်ရောဂါ (Silent Disease)ဟု ခေါ်တွင်ခြင်းမှာ လူအများစုသည် အရိုးပွရောဂါရှိနေသော်လည်း အမြင့်မှပြုတ်ကျခြင်း သို့မဟုတ် ခလုတ်တိုက်လဲပြီးနောက် အရိုးကျိုးသွားသည့်တိုင်အောင် ၎င်းတို့တွင် ရောဂါရှိနေသည်ကို မသိသောကြောင့်ဖြစ်ပါသည်။ အရိုးပွရောဂါကြောင့် အရိုးကျိုးသွားခြင်းသည် လှုပ်ရှားသွားလာနိုင်မှု၊ ဘဝ အရည်အသွေးနှင့် မိမိကိုယ်ကိုအားကိုးနိုင်မှုတို့အပေါ် ပြင်းထန်သော အကျိုးသက်ရောက်မှုရှိသဖြင့် လူနေမှုဘဝကို ပြောင်းလဲနိုင်သည်။

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီး သုံးဦးလျှင် တစ်ဦး၊ အသက် ၅၀ နှစ်နှင့်အထက် အမျိုးသားငါးဦးတွင် တစ်ဦးသည် ၎င်းတို့၏ ကျန်သက်တမ်းတစ်လျှောက်တွင် အရိုးပွရောဂါကြောင့် အရိုးကျိုးလွယ်သည်ကိုတွေ့နေရသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အရိုးပွရောဂါသည် အမျိုးသား သန်း ၅၀၀ နှင့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများကို ထိခိုက်နိုင်သည်ဟု ခန့်မှန်းရသည်။ အရိုးပွရောဂါကြောင့် တစ်ဦးချင်းစီ၏မိသားစုများအတွက် လေးလံသောဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။ ကျောရိုးကျိုးသွားပါက ခါးနာခြင်း၊ အရပ်နိမ့်သွားခြင်း၊ ခါးကုန်းခြင်း၊ မလှုပ်ရှားနိုင်ခြင်း၊ အိပ်ရာထဲတွင် ရက်ရှည်နားနေရခြင်းနှင့် အဆုတ်လုပ်ဆောင်မှု လျော့ကျခြင်းတို့ကိုခံစားရနိုင်ပါသည်။

အသက် ၆၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကျောရိုးကျိုးပြီးနောက် ၅ နှစ်ကျော်လျှင် တခြားအရိုးများကျိုးနိုင်ခြေရှိလာပါသည်။ တင်ပါးဆုံရိုးကျိုးပြီးနောက် တစ်နှစ်အကြာတွင် ၆၀ ရာခိုင်နှုန်းခန့်သည် တခြားသူများ၏ အကူအညီလိုအပ်နိုင်ပြီး ၂၀ ရာခိုင်နှုန်းသည် ရေရှည်ပြုစုစောင့်ရှောက်ရန် လိုအပ်ပါသည်။ တင်ပါးဆုံရိုးကျိုးပြီးနောက် ပထမနှစ်တွင် သေဆုံးမှုနှုန်း ၂၀ – ၂၄ ရာခိုင်နှုန်းအထိတွေ့ရပါသည်။ ပထမတစ်ကြိမ်အရိုးကျိုးပြီး နောက်နှစ်များတွင် နောက်ထပ်တခြားနေရာများတွင် အရိုးကျိုးနိုင်ခြေ ၈၆ ရာခိုင်နှုန်းရှိပြီး ပထမနှစ်နှစ်တွင် အမြင့်မားဆုံးဖြစ်သည်။ ထို့ကြောင့် အရိုးကျိုးနိုင်သောအန္တရာယ်ရှိနေပါက အရိုးကျန်းမာရေးကိုစောစီးစွာစစ်ဆေးရန်လိုအပ်ပါသည်။

အရိုးပွရောဂါနှင့် အရိုးကျိုးနိုင်သော အန္တရာယ်ရှိနိုင်သူများမှာ အမျိုးသမီးများ အသက် ၆၅ နှစ်နှင့် အမျိုးသားများ အသက် ၇၅ နှစ်ပြည့်ပြီးသူများ၊ အသက် ၅၀ နှစ်ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီးများတွင် အနည်းငယ်ထိခိုက်ရုံမျှဖြင့် မကြာခဏအရိုးကျိုးတတ်သူများ၊ ဆေးလိပ်သောက်သူများ၊ အရက်အလွန်အကျွံသောက်တတ်သူများ၊ လေးဖက်နာရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ လည်ပင်းကြီးရောဂါ၊ နာတာရှည်အသည်းရောင်ရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အာဟာရချို့တဲ့ရောဂါနှင့် ကိုယ်အလေးချိန်လျော့နည်းသူများ (BMI ၁၉အောက်)၊ Prednisolone ကဲ့သို့ စတီးရွိုက်ဟော်မုန်းများ ကြာရှည်သုံးစွဲသူများနှင့် မိဘ၊ မောင်နှမများတွင် ပေါင်ထိပ်ရိုးကျိုးသည့် ရာဇဝင်ရှိသူများ ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် နိုင်ငံတကာအရိုးပွရောဂါဖောင်ဒေးရှင်းတို့မှ အရိုးပွခြင်းနှင့် အရိုးကျိုးနိုင်ခြေတို့ကို သိရှိနိုင်ရန် Digital X–ray Absorptiometry (DXA) ဖြင့် Femoral Neck နှင့် Lumbar Spine တို့ကို စံပြုတိုင်းတာရန် သတ်မှတ်ထားသည်။ ယနေ့ခေတ်တွင် အရိုးပွခြင်းနှင့် အရိုးကျိုးနိုင်သည့် အန္တရာယ်ရှိ၊ မရှိတို့ကို အွန်လိုင်းတွင် FRAX Tool (Fracture Risk Assessment) ဖြင့် မိမိ၏အချက်အလက်များကို ထည့်သွင်းတွက်ချက်၍ လူတစ်ဦးချင်းစီ၏ ရှေ့လာမည့် ၁၀ နှစ်အတွင်း အရိုးကျိုးနိုင်ခြေ ရာခိုင်နှုန်းကိုသိရှိပြီး ကြိုတင်ကာကွယ်ကုသနိုင်ပါသည်။

သုတေသနပြုလေ့လာမှုများအရ အရိုးပွရောဂါနှင့် အရိုးကျိုးနိုင်သော အန္တရာယ်ရှိသူများကို ဆေးဝါးကုသမှုပေးခြင်းသည် တင်ပါးဆုံရိုးကျိုးနိုင်ခြေကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး ကျောရိုးကျိုးခြင်းကို ၃၀ – ၇၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသည်။ တချို့သော ကုသမှုများသည် ကျောရိုးကျိုးခြင်း မဟုတ်သော တခြားအရိုးများကျိုးနိုင်သော အန္တရာယ်ကို ၃၀ – ၄၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသည်ကိုတွေ့ရှိရသည်။

အရိုးပွရောဂါနှင့် အရိုးကျိုးနိုင်သော အန္တရာယ်များကိုကာကွယ်ရန် အရိုးကျန်းမာရေးကို ကောင်းမွန်စေသော နေထိုင်မှုပုံစံတွင် အရိုးကျန်းမာစေသော အာဟာရဓာတ်များပါဝင်သည့် အစားအစာများကို လုံလောက်မျှတစွာစားသုံးရန်နှင့် ခန္ဓာကိုယ်ထိန်းညှိပေးသော လေ့ကျင့်ခန်းများ၊ ကြွက်သားအားကောင်းစေသောလေ့ကျင့်ခန်းများနှင့် ကိုယ်အလေးချိန်ထိန်းသည့် လေ့ကျင့်ခန်းများကို နေ့စဉ် မိနစ် ၃၀ ခန့်လုပ်ရန်လိုအပ်ပါသည်။ အရိုးကျန်းမာစေသော ကယ်လ်စီယမ်၊ ပရိုတင်း၊ ဗီတာမင် ဒီ၊ ဗီတာမင်ကေနှင့် တခြားအာဟာရဓာတ်များ ပါဝင်သောအစားအစာများကို လုံလောက်မျှတစွာ စားသုံးရန်လိုအပ်သည်။ အရွယ်ရောက်ပြီးသူတစ်ဦးအနေဖြင့် တစ်ရက်လျှင် ကယ်လ်စီယမ် ၈၀၀–၁၂၀၀ မီလီဂရမ်နှင့် ဗီတာမင်ဒီ ၀.၂၅ မိုက်ခရိုဂရမ်လိုအပ်ပါသည်။ အစားအစာများမှ ကယ်လ်စီယမ်နှင့် ဗီတာမင်ဒီလုံလောက်အောင်မရနိုင်သောသူများတွင် အရိုးကျန်းမာရေးအကောင်းဆုံးဖြစ်စေရန် ဖြည့်စွက်ဆေးများလိုအပ်နိုင်ပါသည်။ အရိုးပျက်စီးစေသော အလေ့အကျင့်များဖြစ်သည့် ဆေးလိပ်သောက်ခြင်းနှင့် အရက်အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ကိုယ်အလေးချိန်နည်းခြင်း (BMI ၁၉ အောက်) သည် အရိုးပွခြင်း၏အဓိကအန္တရာယ်ဖြစ်စေသောအချက်ဖြစ်သဖြင့် ကျန်းမာသောခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းရန်အရေးကြီးပါသည်။

အနှစ်ချုပ်ရသော် အရိုးပွရောဂါသည် ဆိုးရွားသောအကျိုးဆက်များကိုဖြစ်စေသော နာတာရှည်ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပါသည်။ အသက်ကြီးလာသည်နှင့်အမျှ စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးသွားနိုင်စေဖို့ နှလုံးသွေးကြောကျန်းမာရေးကိုဂရုပြုကာကွယ်သကဲ့သို့ အရိုးကျန်းမာရေးကို ဦးစားပေးကာကွယ်စောင့်ရှောက်ရန်လိုအပ်ကြောင်း ရေးသားတင်ပြခြင်းဖြင့် ကမ္ဘာ့အရိုးပွရောဂါနေ့ကိုဂုဏ်ပြုလိုက်ရပါသည်။ ။

**ဒေါက်တာသီဂီကျော်**

---

# ထန်းတပင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒွေ့ချိတ်ကျေးရွာနှင့် ရှမ်းတောကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာလ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထန်းတပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဦးကြည်နှင့်ဝန်ထမ်းများသည် ဒွေ့ချိတ်ကျေးရွာ၌ ခွင့်ပြုငွေ ငွေကျပ် ၃၃၃ ဒသမ ၄၅ သန်းဖြင့် အရှည် ၂ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ရှမ်းတောကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေးအတွက် ခွင့်ပြုငွေ ငွေကျပ် ၃၁ ဒသမ ၆၈ သန်းဖြင့် ရေသန့်စင်စနစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ချေးငွေများထုတ်ချေးပေး



**စေတုတ္တရာ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ်၊ သွင်းအားစုများအတွက် ချေးငွေများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ မွန်ဖော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)မှ တတိယအကြိမ် ချေးငွေများပြန်လည်ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင့်ထွန်းနှင့် ဝန်ထမ်းများက မွန်ဖော်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မွန်ဖော်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၁၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက မွန်ဖော်ကျေးရွာရှိ နေကြာစိုက်ပျိုးသောတောင်သူ ၂၂ ဦးထံသို့ ချေးငွေကျပ် ၆၆ သိန်း၊ နှမ်းစိုက်ပျိုးသော တောင်သူ ၄၄ ဦးထံသို့ ချေးငွေကျပ် ၄၄ သိန်း စုစုပေါင်း ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၁၀ ကို သက်သာသောအတိုးနှုန်းဖြင့် တစ်ဦးချင်းစီ၏လက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

# ပေါင်မြို့နယ်၌ တိုင်ထောင်ပဲတောင့်ရှည်များဈေးကောင်းရရှိ၍ စီးပွားဖြစ်စိုက်ပျိုးလာ

**ပေါင် အောက်တိုဘာ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ်အနီးဝန်းကျင် တစ်ဝိုက်နှင့် ကျေးလက်ဒေသများတွင် တိုင်ထောင်ပဲတောင့်ရှည်စိုက် တောင်သူများ ဈေးကောင်းရရှိသဖြင့် စီးပွားဖြစ်တိုးချဲ့ စိုက်ပျိုးလာကြကြောင်း သိရသည်။



တိုင်ထောင်ပဲတောင့်ရှည်ပင်များကို မစိုက်မီ မြောင်းပေါင်ကို အရင်ဆုံးပြုပြင်ရပြီး စိုက်ပေါင်များအတွင်း မြေခံကြက်ချေး သို့မဟုတ် နွားချေးနှင့် ဆန်စက်မှရရှိသည့် ဖွဲမှုန့်များကို ရောစပ်ထည့်ပေးရကြောင်း၊ ပဲမျိုးစေ့များကို အစေ့ချစနစ်ဖြင့် စိုက်ပျိုးကာ တစ်ပင်နှင့်တစ်ပင် တစ်တောင်ခြား စိုက်ပျိုးရကြောင်း၊ အပင်ကြီးထွားမှုနှင့် လေဝင်လေထွက်ကောင်းရန် ဂရုစိုက်ရပြီး ရက် ၄၀ ခန့်အကြာတွင် စတင်အသီးသီးကာ ရက် ၅၀ ကြာလျှင် အသီးလှိုင်လှိုင်ထွက်ရှိကြောင်းနှင့် နှစ်ရက်ခြားတစ်ခါခူး၍ရောင်းချရပြီး နှစ်လကြာအထိ ခူးဆွတ်ရောင်းချရကြောင်း ပေါင်မြို့နယ် ကျုံကကျေးရွာမှ တိုင်ထောင်ပဲတောင့်ရှည်စိုက် တောင်သူတစ်ဦးကပြောသည်။

တိုင်ထောင်ပဲတောင့်ရှည်ပင်များကို ရာသီမရွေးစိုက်ပျိုးရပြီး ဈေးကွက်တွင် ဈေးကောင်းရရှိသဖြင့် တောင်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ ယခုအခါ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# တောင်ငူမြို့နယ်၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်လျက်ရှိ

**တောင်ငူ အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးကောင်းကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး စက်ရေတွင်း၊ တုံကင်တွင်း၊ လက်တူးတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ မိုးကောင်းကျေးရွာနှင့် ရှမ်းစုကြီးကျေးရွာတို့၌ကိုယ်ပိုင်စက်ရေတွင်းများ၊ တုံကင်တွင်းများ၊ လက်တူးတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကို မှာကြားသည်။

တောင်ငူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ ကျေးရွာပေါင်း ၆၈ ရွာ၌ ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းပေါင်း ၁၁၀၀ ခန့်ရှိသည့်အနက် တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ရာ ၉၅၇ တွင်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အင်ဂျင်လေမှုတ်စက် ၁၅ စုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်လေမှုတ်စက်နှစ်စုံဖြင့် တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းများ၊ ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ကျေးရွာသားများပါဝင်သော အဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

## နိုင်ငံတော်သစ်ရှေ့သို့ချီ

➡ မြန်မာဆိုသည့်၊ ဇာတိမျိုးမဟာ
ကမ္ဘာကိုသိ၊ သာဘိတန်ခိုးဖြာ
လက်ရုံးသန်မာ၊ မှန်စွာထွန်းပ
ပြည့်ကျိုးမျှော်ရည်၊ ရှေ့သို့ချီ
ဦးတည်ထာဝရငယ်နှင့်လေး။

➡ ခွင့်တူညီမျှ၊ ဝါဒဖြူစင်စွာ
ကျင့်မူသီလ၊ သာစွတူယှဉ်ကာ
သွေးချင်းဖြာဖြာ၊ စုံစွာမျိုးဆက်
သမိုင်းရှည်ကြာ၊ မြဲသစ္စာ
ခိုင်မာပေါင်းစည်း လျက်ကယ်နှင့်လေး။

➡ ကြိုးရွက်သည်ထက်၊ ကြိုးရွက်ဆောင်ကြပြီ
တိုးတက်သည်ထက်၊ တိုးတက်အောင်ရမည်
ရှေ့သို့လှမ်းချီ၊ မှန်းရည်ကြိုးပမ်း
နိုင်ငံသစ်ဆီ၊ တို့ဦးတည်
တက်ညီတစ်စိတ် တစ်ဝမ်းငယ်နှင့်လေး။

➡ တို့ညီအောင်လှမ်း၊ လက်ကမ်းချစ်ကြည်ပါ
တို့ပြည်ထောင်နန်း၊ ထက်တန်းခေတ်မီစွာ
ရွှေပြည်သာယာ၊ ဝေဆာရွှန်းလက်
အစွန့်ရှည်ကြာ၊ ဖွံ့စည်ဖြာ
ညီညာကမ်းဆင့် လျက်ကယ်နှင့်လေး။

➡ အမိမြေတွက်၊ မွေးလျက်လက်ရုံးအင်
အသိဝေလျှက်၊ ပေးဆက်သက်ဆုံးပင်
ခေတ်ကြေးမုံပြင်၊ ပေါ်လွင်ထင်ရှား
ပြည်ကောင်းစေရန်၊ မြည့်ဆွေးဆံ
ကျင့်ကြံနာခံ ပွားသည်နှင့်လေး။

➡ ငွားစွင့်ဝေဆာ ကျက်သရေဖြာ
ပြည်သာအောင်ပန်းလှတော့မည်။
ကြွားဝင့်သွေမကွာ တက်နေပမာ
ညီညာဆောင်ထမ်းကြတော့သည်။ ။

**ရဲခေါင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၂၄(တနင်္ဂနွေနေ့)

၁။ ၇:၂၅ ဓမ္မပူဇာတေး
၂။ ၇:၄၀ မျိုးချစ်တပ်မတော်
၃။ ၈:၀၅ မောင်မယ်လေးများ သိစေချင်
၄။ ၁၀:၅၀ စာပေအလင်း စာပေသတင်း
၅။ ၁၃:၁၅ မျှဝေဆွေးနွေး လူငယ့်အရေး
၆။ ၁၆:၀၅ မြန်မာသံစဉ် ချိုနားဝင်
၇။ ၁၈:၃၅ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၈။ ၁၉:၀၀ **(၃၈)ဖြာမင်္ဂလာ သောဝစသဿတာ၊ သမဏာနဉ္စဒဿနံ**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၁၄-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

**ဗ**

ဗသည်မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေ၌ ဗ ဗျည်းအက္ခရာဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့မြင်နေရပါသည်။ ဤသို့တွေ့နေရသည်မှာ ဗတွင်အနက်၊ အဓိပ္ပာယ်ရှိနေခြင်းကြောင့်မဟုတ်။ ဗ အရေးအားလုံးသည် အသံပြောင်းရေးသော အသံစွဲအရေးသော်လည်းကောင်း၊ မွေးစားဝေါဟာရသော်လည်းကောင်းဖြစ်သည်ကို တွေ့ရပါမည်။

**သာဓက။ ။**

**ဗလိနတ်စာ**၊ န- နတ်ပူဇော်ရန် စားဖွယ်။ [ပါ၊ ဗလိ + နာထ + မြန်၊ စားဖွယ်]

**ဗဟုသုတ**၊ န - များပြားသော အကြားအမြင် အတွေ့အကြုံ။ [ပါ၊ ဗဟုဿုတ]

**ဗာဒံ**၊ န - အကိုင်းအခက် ဘေးပတ်လည်တည့်တည့် ဖြာထွက်သည့် အစေ့အဆန်ကိုစားရသော ရွက်ကြွေပင်စောက် တစ်မျိုး။[သ၊ ဝါတမ္ဗ]

**ဗာဟီရကိစ္စ**၊ န - အမည်မတပ်သာသော ကိစ္စအထွေထွေ။ [ပါ၊ ဗာဟိရ + ကိစ္စ]

**ဗိမာန်**၊ န - မွန်မြတ်သော အဆောက်အအုံ။ [ပါ၊ ဝိမာန]

**ဗေဒင်**၊ န - ၁၊ ဝေဒ၏အစိတ်အပိုင်းဖြစ်သော ကျမ်းခြောက်မျိုး။ ၂၊ မွေးသက္ကရာဇ် စသည်ကို အခြေခံ၍ ကောင်းကျိုးဆိုးပြစ်ကို တွက်ချက်ဟောပြောသောပညာ။ [ပါ၊ ဝေဒင်္ဂ]

**ဗောင်းတော်**၊ န - ဘုရင်၊ နတ် စသည်တို့၏ ခေါင်းပေါင်းတစ်မျိုး။ [ မြန်၊ ပေါင်းတော်]

**ဗုဒ္ဓဝင်**၊ န - မြတ်စွာဘုရား၏ ဘဝဖြစ်တော်စဉ်။ [ပါ၊ ဗုဒ္ဓဝံသ]

**ဗြဲတိုက်**၊ န - ၁၊ လူပျိုတော်သားတို့ ခစားရသည့် အဆောင်။ ၂၊ မြန်မာမင်းလက်ထက် အတွင်းဝန်လေးယောက် စသည်တို့ အမှုထမ်းရွက်ရာဖြစ်သော အတွင်းရုံး။ [မွန်၊ ဗာ + မြန်၊ တိုက်]

**ဗြက်**၊ န- မျက်နှာပြင်အနံ။ [ မြန်၊ ပြက်]

**ဗွက်**၊ န- မြေပြင်တွင် ရေဝပ်သဖြင့် ဖြစ်ပေါ်သော မြေပျော့။ [ မြန်၊ ပွက်]

**ဘ**

ဘ သည် မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပေ။ သို့ရာတွင် မြန်မာစာပေတွင် ဘဖြင့် ရေးသားသုံးနှုန်းနေကြသော ဝေါဟာရများကို တွေ့ရပါမည်။

ဘ သည် မြန်မာဘာသာတွင် ပင်ကိုအားဖြင့် အနက်၊ အဓိပ္ပာယ် မရှိသော်လည်း အသံလှယ်၍သုံးသော အသံစွဲဝေါဟာရများနှင့် မွေးစားဝေါဟာရများအတွက် အသုံးပြုရေးသားရာတွင် အသုံးဝင်နေပါသည်။

**သာဓက။ ။**

**ဘကြီး**၊ န- ဖခင်၏အစ်ကို။ [ မြန်၊ ဖကြီး (အနက်စွဲအရေး ဖ၊ အသံစွဲအရေး ဘ)]

**ဘနန်း**၊ စည်း- လုနီးပါး။ [ မြန်၊ ဖွယ်နှန်း]

**ဘရာစီယာ**၊ န- အမျိုးသမီးများဝတ်သည့် အတွင်းခံရင်စည်း။ [ပြင်သစ်၊ brassiere ]

**ဘရိတ်အုပ်**၊ ကြိ - ၁၊ ဘရိတ်ဖြင့်အရှိန်ကိုသတ်သည်။ ၂၊ [ဥပစာ] ပြောဆိုပြုလုပ်နေသည့် အရှိန်ကို ရုတ်တရက် ထိန်းချုပ်သည်။ [လိပ်၊ brake + မြန်၊ အုပ်]

**ဘဝဂ်**၊ န - ၃၁ဘုံတွင် အထက်ဆုံးဘုံ။ (နေဝသညာနာသညာယတနဘုံ။)[ပါ၊ ဘဝဂ္ဂ]

**ဘာဂျာ**၊ န - ၁၊ ပါးစပ်ဖြင့် မှုတ်ရသော သံစုံထွက်တူရိယာတစ်မျိုး။ ၂၊ လက်နှိပ်ခလုတ်များကိုနှိပ်၍ သံစုံမြည်စေသော တူရိယာတစ်မျိုး။ [ဟိန္ဒီ၊ ဗာဇာ]

**ဘိသိက်**၊ န- ရေစင်သွန်း၍ မင်္ဂလာပြုခြင်း။ [ပါ၊ အဘိသေက]

**ဘူမိနက်သန်**၊ န- မြေကြန်လက္ခဏာ ညီညွတ်သော အောင်မြေ။ [သ၊ ဘူမိလက္ခဏ]

**ဘူးတောင်း**၊ န - အများအားဖြင့် ရေထည့်ဆောင်လေ့ရှိသော ဘူးခါးသီးခြောက်အခွံ။ [ မြန်၊ ဖူးတောင်း]

**ဘွဲ့**၊ န - ၁၊ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုအတွက် ဂုဏ်ပြုချီးမြှင့်သော အမည်အရည်တံဆိပ်။ ၂၊ သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့၏အမည်။ ၃၊ သတ်မှတ်ထားသော တက္ကသိုလ်ပညာရည်အဆင့်တစ်ခုခုကို အောင်မြင်သူအား ချီးမြှင့်သော အမည်အရည်။ [ မြန်၊ ဖွဲ့]

**မ**

**မ**၏အနက်လည်း "ပေါင်းစည်းခြင်း" ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **မ** ကို ကြိယာအနက်၊ နာမဝိသေသနအနက် နှစ်မျိုးတို့ကိုအခြေပြု၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ကြိယာအဖြစ်ပြထားသည်မှာ "မ၊ ကြိ- ၁၊ ချီပင့်သည်။ ၂၊ ထောက်ပံ့သည်။ ကူညီချီးမြှောက်သည်။ ၃၊ ထိန်းသိမ်းဆောင်ယူသည်" "ဆိတ်အုပ်ကိုမသည်" ဟူ၍ဖြစ်ပါသည်။

ဤတွင် ချီပင့်သည် ဆိုသည်မှာ ပစ္စည်းတစ်ခုခုကို ထိတွေ့ပင့်ချီမြှောက်တင်သည့်သဘောဖြစ်သည်။ ပစ္စည်းတစ်ခုခုကို လက်စသည့် တစ်စုံတစ်ရာဖြင့် ပင့်ချီမြှောက်တင်သည်ဟု ဆိုလိုသည်။ ထိတွေ့သည့်အနက်၊ ဆက်စပ်သည့်အနက်၊ ပေါင်းစည်းသည့်အနက်ကို အခြေခံပါသည်။ လူအားဖြင့်လည်း **မ** နိုင်ပါသည်။ စက်အားဖြင့်လည်း **မ** နိုင်ပါသည်။ မူလတည်နေရာမှ မြောက်ကြွအောင်ပြုသည့် သဘောဖြစ်ပါသည်။ တစ်စုံတစ်ရာသောအားနှင့် ဆက်စပ်ပေါင်းစည်းမှ **မ** သည့်ကိစ္စ၊ ချီပင့်သည့်ကိစ္စ ပြီးမြောက်နိုင်ပါသည်။

ထောက်ပံ့သည်၏အဓိပ္ပာယ်မှာ လူတစ်ဦးတစ်ယောက် အသင်းအဖွဲ့တစ်ခုခု စသည်ကို မြှောက်ပေး၊ ပင့်ပေးသည့်သဘောဖြစ်သည်။ နိမ့်ကျနေ၍ဖြစ်စေ၊ လိုအပ်၍ဖြစ်စေ ပံ့ပိုးမြှောက်ပင့်သည့်သဘောဖြစ်သည်။ မြင့်အောင်၊ မြောက်အောင်ပြုခြင်း ဖြစ်သဖြင့် **မ** သည်ဟုဆိုသည်။ လိုအပ်သည်ကို ထောက်ပံ့ပေးသဖြင့်လည်း ကူညီသည်ဟုဆိုရသည်။ ချီသည်၊ ပင့်သည်၊ မြှောက်သည် စသည်ကိုလည်း **မ** ကဲ့သို့ပင် ပေါင်းစည်းအနက်ဖြစ်သည်။

ဆိတ်အုပ်ကြီးကို **မ** သွားသည်ဟုဆိုရာတွင် ဆိတ်အုပ်ကို တကယ် ချီမသွားခြင်း မဟုတ်သော်လည်း ပွေ့ချီမယူသွားဘိသကဲ့သို့ ထိန်းထိန်းသိမ်းသိမ်းဆောင်ယူသွားသည့် အဓိပ္ပာယ်ဖြစ်သည်။ တကယ်ချီမပွေ့ယူ သွားသကဲ့သို့ မြင်ယောင်စေသည်။ ပွေ့ပိုက်ပေါင်းစည်းသည့်သဘောဖြစ်သည်။ ဤသည်တို့မှာ **မ** ၏ ကြိယာအနက်များဖြစ်သည်။

**မ** တွင် ဂုဏ်ရည်အနက်လည်းရှိသည်။ နာမဝိသေသနဟုခေါ်သည်။ မြန်မာအဘိဓာန်တွင် **မ** ၏ နာမဝိသေသနအနက်ကို **မ**၊ နဝိ-၁၊ အရင်းမူလဖြစ်သော။ "အိမ်မ" ၂၊ ကြီးသော။ "လမ်းမ" ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။

ဤတွင် အိမ်မ ဆိုသည်မှာ အရင်းမူလဖြစ်သော အိမ်ဟုအဓိပ္ပာယ်ရပါသည်။ အရင်းမူလဟုဆိုသဖြင့် အဆွယ်အပွားအဆောင်များနှင့် ပေါင်းစည်းဆက်စပ်လျက်ရှိသည်ကို သိစေပါသည်။ "မ" တွင် ပေါင်းစည်းခြင်းအနက်ရှိပါသည်။ တစ်ဖန် လမ်းမဟူသော အသုံးမျိုးလည်းရှိပါသည်။ လမ်းမမှ မ၏ အနက်သည် အရင်းမူလပဓာနကျသော အနက်ရှိရုံမျှမက ကြီးမားသောဟူသည့် အနက်လည်းရှိပါသည်။ ကြီးမားခြင်းနှင့် အရင်းမူလဖြစ်ခြင်းတို့သည်လည်း အပြန်အလှန်အားဖြင့် အနက်ဆက်နွှယ်နေပါသည်။ ကြီးမားခြင်းသည် အရင်းမူလဖြစ်ခြင်းကို ဖြစ်စေ၍ အရင်းမူလဖြစ်ခြင်းသည် ကြီးမားခြင်းကို ဖြစ်စေပါသည်။ ဤတွင် ကြီးမားခြင်းသည် ပေါင်းစည်းခြင်းပင်ဖြစ်သည်။ ပေါင်းစည်းခြင်းသည် များပြားခြင်း၊ ကြီးမားခြင်း၊ မြင့်မားခြင်း၊ နက်ရှိုင်းခြင်း၊ ရှည်လျားခြင်းတို့ကို ဖြစ်စေပါသည်။ တစ်လက်မ စတုရန်းရှိ အန်စာတုံးတစ်တုံးကို နှိုင်းယှဉ်ခြင်းအားဖြင့် ကြီးသည်ဟုလည်းကောင်း၊ သေးငယ်သည်ဟုလည်းကောင်း ဆိုနိုင်ပါသည်။ တစ်ခုတည်းဖြစ်ခြင်းကြောင့် နည်းသည်၊ သေးသည် ဟု ဆိုပါစို့။ တစ်လက်မ အန်စာတုံးတစ်သောင်းကို စုပုံပေါင်းစည်းလိုက်လျှင် များသည်ဟု ဆိုကြပေမည်။ ထိုတစ်လက်မ အန်စာတုံးတစ်သောင်းကိုပင် စနစ်တကျ ဆက်စပ်၍ လက်မတစ်ရာ စတုရန်းရှိ အန်စာတုံးအဖြစ် ပေါင်းစည်းလိုက်လျှင် ကြီးသည်ဟုဆိုကြမည်။ ထိုအန်စာတုံးတစ်သောင်းကိုပင် ဒေါင်လိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းမြင့်သည်ဟု ဆိုကြပေမည်။ အောက်ဘက်သို့ ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်းနက်၍ အလျားလိုက် ဆက်စပ်ပေါင်းစည်းလျှင် လက်မတစ်သောင်း ရှည်လျားသည်ဟု ဆိုကြပေမည်။ သဘောတရားများခြင်း၊ ကြီးခြင်း၊ မြင့်ခြင်း၊ နိမ့်ခြင်း၊ ရှည်ခြင်းတို့သည် အတူတူပင်ဖြစ်သည်ဟု ဆိုရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့အနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ကို ယနေ့ညနေပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ၅ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက်သွင်းဂိုးများကို ရန်ကျော်ထွေး၊ ဒေးဗစ်ထန်း၊ ရန်နိုင်ဦး၊ ကောင်းစည်သူနှင့် အီစိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ်အသင်းအတွက် သွင်းဂိုးကို Mogou က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို မက်ခ်ဆီကာနှင့် ရဲရင့်အောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ဆက်လက်ပြီး ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် ဟံသာဝတီယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို စိုးကျော်ကျော်၊ သန်းတိုးအောင်တို့ကသွင်းယူပေးခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက်သွင်းဂိုးများကို ကောင်းမြတ်သူက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

လူငယ်နှင့် နှုတ်မှုစွမ်းရည်

# သဘင်ပွဲမှောက်ဆိုရေးရောက်က

## လယ်တွင်းသားစောချစ်




အကြောင်းအားလျော်စွာ ပရိသတ်ရှေ့မှာ စကားပြောရမည်ဆိုပါက ပြောရဲဖို့၊ ပြောတတ်ဖို့၊ ပြောနိုင်ဖို့လိုပါသည်။ လူတိုင်းလိုပင် ပရိသတ်ရှေ့မှာ စကားပြောစရာအကြောင်းများစွာရှိပါသည်။ လုပ်ငန်းခွင်ဝင်၍အရာရှိဖြစ်လျှင် ကိုယ့်လုပ်ငန်းမှာ စကားပြောရမည်။ ကိုယ့်ဝန်ထမ်းများကို အစည်းအဝေးမှာ အမှာစကားပြောရမည်။

ရပ်ကွက်လူကြီးဖြစ်လျှင်လည်း ရပ်ကွက်အစည်းအဝေးများမှာ စကားပြောရမည်။ ဆွမ်းကြီးလောင်းအဖွဲ့ ဂေါပကလူကြီး၊ ကထိန်ဖြစ်မြောက်ရေးအကျိုးတော်ဆောင်၊ မိဘဆရာအသင်းအမှုဆောင် စသည်ဖြင့် တာဝန်တစ်ခုခုအရလည်း စကားပြောရမည့်ကိစ္စများပေါ်ပေါက်နိုင်ပါသည်။ ကိုယ်ပိုင်စီးပွားရေးအလုပ်ကိုလုပ်ရင်းဖြင့်လည်း မိမိလုပ်ငန်းမှာ အလုပ်သမားများကို ပြောရသည်။

ဆိုရေးရှိကဆိုအပ်လှ၏ဆိုသကဲ့သို့ ပြောဆိုစရာရှိသည့်အခါမှာ ကောင်းစွာပြောဆိုနိုင်ရန်လိုပါသည်။ အချို့မှာ မပြောရဲမပြောတတ်၍ အခက်အခဲကြုံကြရသည်။ ထိုအခက်အခဲကို ကျော်လွှားလွန်မြောက်၍ ပြောဆိုနိုင်အောင် ကြိုးစားသင့်ပါသည်။

အချို့ကတော့ အလွန်ပြောတတ်ပါသည်။ ပရိသတ်စင်မြင့်ပေါ်သို့ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နှင့် တက်သွားနိုင်ပါသည်။ ထိုယုံကြည်မှုကြောင့်ပင် ပြောဆိုမှုလည်းအောင်မြင်ပါသည်။ စကားပြောခြင်းဆိုင်ရာအကြောင်းအချက်များကို သိခြင်း၊ စကားပြောရသည့်အတွေ့အကြုံများစွာရှိခြင်း၊ စိတ်အားထက်သန်၍ကြိုးစားမှုရှိခြင်းတို့သည် ပရိသတ်ရှေ့မှာ စကားပြောခြင်းကို ကောင်းစွာအောင်မြင်ရန် အထောက်အပံ့ကောင်းများဖြစ်ပါသည်။

ပရိသတ်ရှေ့တွင် ကောင်းစွာပြောဆိုနိုင်ရန်အတွက် စင်ကြောက်ခြင်း၊ စင်ခြောက်ခြင်း၊ ပရိသတ်ကြောက်ခြင်းတို့ကို အောင်မြင်ရန်လိုသည်။ ပရိသတ်ရှေ့စကားပြောခြင်းနှင့် ပတ်သက်၍ အမှားအကြောင်းများ၊ အမှန်အကြောင်းများကို သိဖို့လိုသည်။ ကောင်းစွာပြောဆိုနိုင်စေသည့် အကြောင်းအချက်များ၊ စကားပြောဆိုခြင်းဆိုင်ရာနည်းလမ်းများ၊ သိစရာများကို သိရှိခြင်းဆိုင်ရာနည်းလမ်းများ၊ သိစရာများကို သိရှိနားလည်ရန်လိုသည်။ သိပြီးလျှင်လည်း ကောင်းစွာလေ့ကျင့်ဖြည့်ဆည်းကြိုးစားခြင်းဖြင့် အောင်မြင်နိုင်ပါသည်။

**ဆရာကြီး၏ ခွင့်ပြုချက်ဖြင့် "ပရိသတ်ရှေ့မှာ ဟောပြောနည်း" စာအုပ်မှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။**

---

ရသစုံစာစု

# ညောင်ပင်တစ္ဆေ ဝေလေလေ

**ယနေ့**ညကား နတ်တော်လပြည့်ညဖြစ်၍ လမင်းကြီးက ထိန်ထိန်သာလျက်ရှိသည်။ ဆောင်းလရာသီအခါသမယဖြစ်၍ နှင်းမှုန်ကလေးများပက်ဖျန်းကာ အချမ်းပိုသောအချိန်ဖြစ်ပါ၏။ ဘကြီးဖြိုးစိုက်ပျိုးထားသော ဂမုန်းပန်း၊ သဇင်ပန်း၊ ဆောင်တော်ကူးပန်းတို့ကား လေအဝှေ့ဝယ်မွှေးပျံ့လျက်ရှိသည်။ ဘကြီးဖြိုးသည် ခြံထောင့်တစ်နေရာတွင် သစ်ဆွေးတုံးကို မီးဖို၍ ထန်းပင်မြစ်များ မီးဖုတ်လျက်ရှိ၏။ လရောင်ဖြာသည့် အိမ်ရှေ့ကွက်လပ်တွင်ကား ကလေးတစ်သိုက်၏ပျော်ရွှင်မြူးထူးစွာကစားကြ၊ ငြင်းကြ၊ ခုန်ကြ၊ အော်ကြ၊ ဟစ်ကြသည့်အသံများစာစာညံလျက်ရှိပေသည်။

ဘကြီးဖြိုးနှင့်အဘွားရွှေသည် ဆားလင်းကြီးမြို့ မြေစွန်ရွာအနောက်ဖျားတွင် ခြံကျယ်ကြီးနှင့် နေထိုင်ကြသူများဖြစ်သည်။ ကလေးသူငယ်မရှိကြသူများဖြစ်၍ ရွာထဲရှိကလေးတို့၏ အချစ်တော်များဖြစ်လေသည်။ ခြံထွက်မာလကာသီး၊ ဩဇာသီး၊ သရက်သီးတို့ကား ကလေးတိုင်း စားသောက်ရ၏။ ယနေ့ညတွင်လည်း ကလေးများကစားပြီး အမောပြေစားရန် ထန်းပင်မြစ် မီးဖုတ်နေခြင်းဖြစ်လေသည်။ ဆောင်းရာသီတွင် ထန်းမြစ်ဖုတ်ကို အကြောလေးများသင်၍ ဆီ၊ ဆားနှင့်တို့စားရသည့်အရသာမှာ မည်သည့်အရာနှင့်မျှမလဲနိုင်သော အညာဒေသ၏ရာသီစာဖြစ်သည်မဟုတ်ပါလား။

ဆဋ္ဌမတန်းကျောင်းသူလေး မြင့်မြင့် ဦးဆောင်သည့် ရွှေစွန်ညိုအဖွဲ့ကြီးထံမှ "ရွှေစွန်ညို ဘာကိုလိုလို့ ဝဲပါတယ်" ဆိုသည့်တေးသံသာက ပျံ့လွင့်လျက်ရှိသည်။ ရွှေစွန်ညိုကစားရာတွင် ခေါင်းဆောင်စွန်အစ်မကြီးတစ်ယောက်နှင့် ညီမခြောက်ယောက် စုစုပေါင်းခုနစ်ယောက်ပါဝင်ရလေသည်။ ယခုညတွင် မြင့်မြင့်က စွန်လုပ်၍ ပဥ္စမတန်းမှ ရီရီက ထိပ်မှခေါင်းဆောင်ကာ လက်ဖြင့်ကာထားရသည်။ ရီရီ၏နောက်ဝယ် စတုတ္ထတန်းမှ သန်းသန်း၊ တတိယတန်းမှ ဝေဝေ၊ ဒုတိယတန်းမှ တင်စန်း၊ ပထမတန်းမှ မူမူတို့ တစ်ယောက်ခါးတစ်ယောက်ချိတ်၍ တန်းစီကြသည်။ မထွေးလေးလုပ်မည့် အငယ်ဆုံးလေးမှာ သူငယ်တန်းမှ နှင်းနှင်းလေးဖြစ်သည်။ သူတို့ကစားပွဲစချေပြီ။




| | | |
|---|---|---|
| ခေါင်းဆောင် | - | ရွှေစွန်ညို ဘာကိုလိုလို့ဝဲပါတယ် |
| စွန် | - | မထွေးလိုလို့ဝဲပါတယ် |
| ခေါင်းဆောင် | - | မထွေးမပါတို့ချည်းသာ |
| စွန် | - | ပါပါလျက်သား နောက်ကထား |
| ခေါင်းဆောင် | - | မထွေးအသားခါးလှတယ် |
| စွန် | - | ချောင်းငယ်ရေနဲ့ဆေးပါ့မယ် |
| ခေါင်းဆောင် | - | ချောင်းငယ်ရေခန်းပြီ |
| စွန် | - | မြစ်ငယ်ရေနဲ့ဆေးပါ့မယ် |
| ခေါင်းဆောင် | - | မြစ်ငယ်ရေခန်းပြီ |
| စွန် | - | ပင်လယ်ရေနဲ့ ဆေးပါမယ် |
| ခေါင်းဆောင် | - | ပင်လယ်ရေခန်းပြီ |
| စွန် | - | ဆန်ဆေးရည်နဲ့ ဆေးပါ့မယ် |
| ခေါင်းဆောင် | - | ဆန်ဆေးရည်တို့မပေး |
| စွန် | - | မထွေးလွတ်အောင်ပြေး |

"ဟေးဟေး" ဟုအော်ကြ၍ မထွေးကိုကာကြသည်။ စွန်ကား ဝဲကာဝဲကာ မထွေးရှေ့ရောက်အောင် ကြိုးစား၏။ ရှေ့ဆုံးမှ ရီရီလေးမှာ စွန်ပြေးရာလိုက်ရ၏။ နောက်ကအတွဲကြီးကား ခေါင်းဆောင်ပြေးရာ တန်းလန်းတန်းလန်းပါလေ၏။ မထွေးလေးလုပ်သည့် နှင်းနှင်းကလေးကား မပြေးနိုင်မှောက်လျက်လဲလေပြီ။ နှင်းနှင်း၏ ငိုသံနှင့်အတူ ဘကြီးဖြိုးနှင့် အဘွားရွှေရောက်လာ၍-

"ကဲ...ကလေးတို့ ခဏနားကြဦးဟေ့၊ ထန်းပင်မြစ်တွေ အခွံနွှာ၊ အကြောသင်ပြီးပြီ၊ ဆီနဲ့ဆားနဲ့ တို့စားကြဟေ့" ဟု ပြောလိုက်သဖြင့် မီးဖိုရှိရာသို့ အပြေးအလွှားရောက်လာကြကာ စားသောက်ကြသည်။

"တူတူပုန်းတမ်းကစားနေတဲ့ ဖွေးမောင်အဖွဲ့တွေလည်း လာကြတော့ဟေ့" ဟု ဘကြီးဖြိုးအော်ခေါ်သဖြင့် ယောကျ်ားလေးအဖွဲ့ကြီးလည်းရောက်လာကာ အားရပါးရစားကြလေတော့သည်။

ခေတ္တနားပြီးနောက် မြင့်မြင့်က "ငါတို့ဒီတစ်ခါတော့ ညောင်ပင်တစ္ဆေကစားကြရအောင်ဟာ"ဟုပြော၏။ "ကောင်းတယ်၊ မမမြင့်က တစ္ဆေလုပ်၊ ညီမတို့ကစောစောကလိုတန်းစီလိုက်မယ်၊ နှင်းနှင်းရေ ညည်းကတော့ မထွေးလေးပဲပေါ့" ဟု ရီရီကဝင်ပြောသည်။

"ဒီတစ်ခါတော့ အမြန်မပြေးနဲ့တော့ဟယ်... မထွေးဒူးပြဲနေဦးမယ်" ဟုသန်းသန်းက ဝင်ပြောသည်။

"အေးပါဟယ်" ဟု အားလုံးကပြောကြ၏။

"ကဲဟေ့ မထွေးကိုလည်း ဂရုစိုက်ကြဦး" ဟု အဘွားရွှေက ဝင်ပြောသည်။ မြင့်မြင့်တို့အဖွဲ့ ရွှေစွန်ညိုကစားသကဲ့သို့ တန်းစီကြသည်။ မြင့်မြင့်ကား ညောင်ပင်တစ္ဆေဖြစ်လေသည်။

| | | |
|---|---|---|
| အဖွဲ့သားများ | - | ညောင်ပင်တစ္ဆေ |
| တစ္ဆေ | - | ဝေလေလေ |
| အဖွဲ့သားများ | - | နင်ဘယ်ကိုင်းမှာနေ |
| တစ္ဆေ | - | ညောင်ကိုင်းမှာနေ |
| အဖွဲ့သားများ | - | နင် ဘာသီးစား |
| တစ္ဆေ | - | ညောင်သီးစား |
| အဖွဲ့သားများ | - | နင်ဘာရေသောက် |
| တစ္ဆေ | - | ညောင်ရေသောက် |
| အဖွဲ့သားများ | - | နင်သေတော့ ဘယ်သူ့ခြောက် |
| တစ္ဆေ | - | နင်တို့ခြောက် |
| အဖွဲ့သားများ | - | မခြောက်ပါနဲ့တစ္ဆေရယ် ထမင်းဖိုးဟင်းဖိုးပေးပါမယ် |
| တစ္ဆေ | - | မြန်မြန်ပေး |

အဖွဲ့သားများ - မပေးနိုင်ဘူး တစ္ဆေရယ် မထွေးရရင်ယူတော့ကွယ်ဟုဆိုကာ အတွဲလိုက် ပြေးကြလေတော့သည်။

တစ္ဆေကား မထွေးလေးရရန် ကြိုးစားအားထုတ်ရင်း မကြာမီ "အား...အား" ဟု အော်သံနှင့်အတူ မထွေးလေးနှင်းနှင်းကိုမိလေပြီ။ ညောင်ပင်တစ္ဆေကစားပွဲကြီးကား မြန်မာကလေးများ ကျန်းမာပျော်ရွှင်ကြစေရန် ရှေးကနည်းလမ်းထွင်ခဲ့သော ရိုးရာယဉ်ကျေးမှုဖြစ်လေတော့သည်။

ဘကြီးဖြိုးက" ကဲ...သမီးတို့ ညဉ့်နက်လာပြီး လရောင်ရှိတုန်း ပြန်ကြရအောင်ဟေ့၊ ဘကြီးရွာထဲလိုက်ပို့မယ်" ဟုပြောကာ လူစုခွဲကြ၏။ တူတူပုန်းနေသော ဖွေးမောင်အဖွဲ့လည်း ပြန်ကြတော့မည်။ "အဘွားရွှေရေ နောက်နေ့ မြေပဲလှော်ထားပါဗျို့" ဟု အရေးဆိုကြ၏။ "အေး စိတ်ချကွာ၊ မင်းတို့အဘွားရွှေက အဆင်သင့်လှော်ထားမှာဟေ့၊ မင်းတို့သာ စောစောလာကြ" ဟု ဘကြီးဖြိုးက ပြုံးပြုံးကြီး ပြောလိုက်လေတော့သည်။

သက်ဦးခင်

---

## ရယ်စေပြုံးစေ

### ပြန်လာမယ်ဆိုလို့

| | | |
|---|---|---|
| ကျော်ဟန်စိုး ။ | ။ | သူငယ်ချင်း မင်းမိန်းမဆီ တစ်ပတ်တစ်ကြိမ် စာထည့်တယ်နော်။ |
| ဘုန်းမြင့်ကို ။ | ။ | အေးကွာ။ |
| စိုး ။ | ။ | ဒါနဲ့ မင်းမိန်းမက ဘယ်မှာမို့လဲ။ |
| ကို ။ | ။ | ရွာကသူ့အမေဆီ အလည်ပြန်နေတာပါကွာ။ |
| စိုး ။ | ။ | ခဏအလည်ပြန်တာတောင် တစ်ပတ်တစ်ကြိမ်စာထည့်တယ်ဆိုတော့ မင်းမိန်းမကိုတော်တော်ချစ်တာပဲနော်။ |
| ကို ။ | ။ | မဟုတ်ရပါဘူး သူငယ်ချင်းရာ။ သူ့ဆီ စာပုံမှန်မထည့်ရင် ပြန်လာမယ်ဆိုလို့ပါ။ |

ဖိုးပြုံးချို

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဓာတ်ပုံမြင်ကွင်းများ

























# စည်းလုံးကြပါ ရွှေမြန်မာ

**❐ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထူးခြားသည့် ဝိသေသလက္ခဏာများဖြင့် ပြည့်စုံနေသည့် နိုင်ငံဖြစ်ပြီး “ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း” စသည့် တိုင်းရင်းသားလူမျိုးများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ သွေးချင်းမောင်နှမများအသွင် ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာ နေထိုင်နေကြ . . .**

**❐ တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြားတွင် တစ်သားတည်းဖြစ်နေသောချစ်ကြည်ရင်းနှီးမှုများကြောင့် ယနေ့အချိန်အထိ လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်စွာ နေထိုင်နေကြသည်မှာ ဂုဏ်ယူစရာပင်ဖြစ် . . .**

**စည်းလုံးခြင်းသည် အင်အား**

“တစ်ယောက်အားနှင့်ယူသော်မရ တစ်သောင်းအားဖြင့် ယူသော်ရ၏” ဆိုသည့် စကားနှင့်အညီ လူအများ၏ စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက အရာရာကို ပြီးမြောက်အောင်မြင်နိုင်မည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။ စုပေါင်းဆောင်ရွက်ခြင်းဖြင့် မတူကွဲပြားသော အရည်အချင်းများကို စနစ်တကျ စုစည်းဆောင်ရွက်နိုင်သဖြင့် စွမ်းအားပိုမိုရရှိနိုင်သည်။ ၂၁ ရာစုသည် နည်းပညာတိုးတက်မှုနှင့်အတူ နယ်ပယ်ပေါင်းစုံမှ စိန်ခေါ်မှုပေါင်းစုံက ဝင်ရောက်နေသောကာလပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်တည်းသော စွမ်းအားဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းမရှိသည့် အရာများကို စုစည်းညီညွတ်မှုစွမ်းအားဖြင့် ဖြေရှင်းမည်ဆိုပါက မတူညီသောအတွေးအခေါ်များမှ အကောင်းဆုံးသော နည်းလမ်းတစ်ခုကို ရှာဖွေဖော်ထုတ်ရရှိနိုင်မည်ဖြစ်သည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး အရည်အချင်းနှင့် အရည်အသွေးများက မတူညီကြပေ။ “နည်းပညာကျွမ်းကျင်ခြင်း၊ စီမံခန့်ခွဲမှုပညာကျွမ်းကျင်ခြင်း၊ လူမှုဆက်ဆံရေးပညာကျွမ်းကျင်ခြင်း” စသည့် မတူကွဲပြားသည့် အရည်အချင်းများကို စနစ်တကျ စုစည်းလိုက်ခြင်းဖြင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို လွယ်ကူစွာရောက်ရှိနိုင်မည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသူ့ကျွန်ဘဝကျရောက်ခဲ့ရာတွင် ခါးသီးသော အတွေ့အကြုံများနှင့် ဒုက္ခများရှိခဲ့သဖြင့် မြန်မာတစ်မျိုးသားလုံးက စည်းလုံးညီညွတ်မှုကိုအသုံးပြု၍ မြန်မာ့သွေးကို ပြခဲ့သဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်က အကောင်းဆုံးသော သာဓကတစ်ခုပင်ဖြစ်သည်။

**ထင်းစည်းကဲ့သို့ စည်းလုံးစို့**

မြန်မာနိုင်ငံသည်တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော်က ဥမကွဲသိုက်မပျက်စည်းလုံးညီညွတ်စွာဖြင့် ရောင်စုံပန်းများပွင့်ဖူးဝေဆာ သာယာလှပနေသည့် ဥယျာဉ်ကြီးတစ်ခုကဲ့သို့ ရှိနေသည့်နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ ကမ္ဘာကြီး၏ ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တက်သစ်စနေဝန်းပမာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို အရောင်မှေးမှိန်ပျောက်ကွယ်သွားစေရန် ပြည်ပနိုင်ငံအချို့၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရင်ဆိုင်နေရသည်။ တိုင်းရင်းသား ညီအစ်ကိုများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပျက်စီးသွားအောင် သွေးထိုးနှောင့်ယှက်နေသည့် ရန်ကလည်းရှိနေပြန်သည်။ အိမ်ကြက်ချင်း အိုးမဲသုတ်၍ တိုက်သည့်နည်းဖြင့် အင်အားချည့်နဲ့လာအောင်ဆောင်ရွက်ပြီးမှ ၎င်းတို့အလိုရှိရာ ပုံသွင်းနိုင်သည့် ရုပ်သေးရုပ်ဘဝသို့ ကျရောက်သွားအောင် လုပ်ဆောင်နေကြသည့် ပြည်ပနိုင်ငံများ၏ အဖျက်အမှောင့်လုပ်ရပ်များကို သတိပြုသင့်သည်။

ငယ်စဉ်က သင်ကြားခဲ့ရသည့် အဘိုးအိုနှင့် သားသုံးယောက် ပုံပြင်ကပေးသော ဥပမာကို မြန်မာတိုင်းရင်းသားများ မေ့လျော့မသွားစေရန် အထူးသတိပြုရမည့် ကာလပင်ဖြစ်သည်။ ထင်းစည်းကဲ့သို့ ကျစ်လျစ်ခိုင်မာကာ ချိုးဖဲ့ဖျက်ဆီးရန် မဖြစ်နိုင်သည့် မြန်မာနိုင်ငံကို ဖျက်ဆီးလိုသည့် ပြည်ပနိုင်ငံများက မစွမ်းသာသည့် အခြေအနေတွင် တိုင်းရင်းသားအချင်းချင်းအကြား သွေးကွဲသွားအောင် ဖန်တီးနေကြခြင်းပင်ဖြစ်သည်။ မြန်မာဆိုသည့် အလံတစ်ခုတည်းအောက်တွင် နေထိုင်နေကြသည့် တိုင်းရင်းသားလူမျိုးအချင်းချင်းအကြား တွဲထားသည့် လက်များကို ရိုက်ချိုးဖျက်ဆီးပစ်ပြီး စည်းလုံးညီညွတ်မှုအားနည်းသွားသည့်အချိန်တွင် ထင်းချောင်းကလေးများကဲ့သို့ လွယ်လင့်တကူ ချိုးဖဲ့ထုတ်ယူသွားရန် ပြင်ဆင်နေကြသည်ကို သတိပြုရမည့် အချိန်ပင်ဖြစ်သည်။

**တတိယလူကို သတိပြု**

နှစ်ကာလရှည်ကြာစွာ တည်ဆောက်ရယူထားသော စည်းလုံးညီညွတ်မှုများသည် သွေးခွဲသပ်လျှိုကုန်းတိုက်ကြသည့် စကားများကြောင့် အချိန်ခဏနှင့်ပင်ပျက်စီးသွားနိုင်သည်။ မြတ်စွာဘုရားရှင်က “ကုန်းတိုက်စကားဟူသည် ထက်စွာသော သန်လျက်နှင့်တူ၏။ ကုန်းတိုက်စကားကို ယုံမှတ်မှားမိမည်ဆိုပါက လျင်မြန်စွာပျက်စီးတတ်၏။ အချင်းချင်းအကြား ကုန်းတိုက်စကားကြောင့် အငြင်းအခုံ ဖြစ်ပွားရတတ်၏” ဟု ဆဗ္ဗဂီရဟန်းတို့ကို ကုန်းတိုက်စကားကို ယုံစားမိပါက ပျက်စီးတတ်ကြောင်း အတိတ်ဝတ္ထုတစ်ခုကို ဟောကြားခဲ့သည်။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်တွင် နွားကျောင်းသားတစ်ဦးသည် ကိုယ်ဝန်ရှိသော နွားမတစ်ကောင်ကို တောတွင်းတစ်နေရာ၌ မေ့၍ထားမိခဲ့လေသည်။ ကိုယ်ဝန်ရှိနေသော နွားမသည် အချိန်ကာလကြာသောအခါ တောတွင်း၌ အခြားသောကိုယ်ဝန်ရှိသည့် ခြင်္သေ့မတစ်ကောင်နှင့် ရင်းနှီးကျွမ်းဝင်ကာ မိတ်ဆွေဖြစ်ခဲ့ရသည်။ အချင်းချင်း ကူညီစောင့်မမှုများဖြင့် အမျိုးအနွယ်မတူသော်လည်း စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသည်။

အဆိုပါ ခြင်္သေ့နှင့် နွားတို့က ပေါက်ဖွားလာကြသော ခြင်္သေ့နှင့်နွားတို့သည် မိခင်နှစ်ပါးစလုံးဆုံးပါးသွားသည့်တိုင် မျိုးနွယ်မတူသော်လည်း ညီအစ်ကိုအရင်းပမာ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြသည်။ တစ်နေ့တွင် မုဆိုးတစ်ဦးသည် တောတွင်းသို့ တောကောင်ပစ်ရန်လာသည့်အခါ ခြင်္သေ့နှင့်နွားတို့က မျိုးနွယ်မတူဘဲ အတူတကွနေထိုင်နိုင်သည်ကို ထူးဆန်းအံ့သြမှုဖြစ်သဖြင့် ဘုရင့်ထံသို့ လျှောက်တင်လေသည်။ မင်းကြီးကလည်း အသင်မုဆိုး ခြင်္သေ့နှင့်နွားတို့သည် အလွန်တရာခိုင်မာသည့် မေတ္တာစွမ်းအားဖြင့်သာ မျိုးနွယ်မတူသော်သည်း စည်းလုံးညီညွတ်စွာ အတူတကွနေထိုင်ကြခြင်းဖြစ်သည်။ ထိုခြင်္သေ့နှင့်နွားတို့ နှစ်ကောင်အကြားသို့ တတိယမြောက်သော တိရစ္ဆာန်ဝင်လာသည်ကိုတွေ့ပါက မိမိအားလျှောက်ထားရန် မုဆိုးသို့ မိန့်မှာလိုက်လေသည်။

**မြေခွေးဝင်လေပြီ**

ခြင်္သေ့နှင့်နွားတို့သည် ချစ်ခင်ကြင်နာစွာ အတူတကွ အပြန်အလှန်ဖေးမကူညီကာ နေထိုင်လာကြသည့်အချိန်တွင် မြေခွေးတစ်ကောင်သည် “ငါသည်ကား အသားမျိုးစုံစားခဲ့ဖူးသည်။ ခြင်္သေ့နှင့်နွားတို့၏ အသားကိုမူ မစားဖူးလေပြီ။ ခြင်္သေ့နှင့်နွားတို့အား တိုက်ခိုက်ရန် ငါ့မှာမစွမ်းသာပေ။ ၎င်းတို့အချင်းချင်း စိတ်ဝမ်းကွဲပြီး ချစ်ကြည်ရင်းနှီးမှုပျက်စီးသွားကာ အချင်းချင်းတိုက်ခိုက် ပျက်စီးသည့်အခါ၌ အလွယ်တကူစားသုံး၍ ရနိုင်သည်။ နှစ်ဦးအကြား ခိုက်ရန်ဖြစ်ပွားအောင် ကုန်းတိုက်စကားဆိုအံ့” ဟု ကြံလေပြီး ခြင်္သေ့နှင့်နွားတို့နှင့် ခင်မင်ရင်းနှီးအောင်ပြု၍ မိတ်ဆွေဟန်ဆောင်ကာ ပေါင်းလေသည်။

ခြင်္သေ့နှင့်နွားတို့အကြားသို့ မြေခွေးတစ်ကောင်ရောက်နေသည်ကို မုဆိုးမြင်လေသော် အံ့သြ၍ မင်းကြီးထံသို့ သွားရောက်လျှောက်ထားလေသည်။ မင်းကြီးက “အသင်မုဆိုး မြေခွေးတို့မည်သည် ကောက်ကျစ်၍ ကုန်းတိုက်စကားတို့ကို ဆိုတတ်၏။ ခြင်္သေ့နှင့်နွားတို့ကို ကုန်းချော ကုန်းတိုက်စကားဆို၍ အချင်းချင်းခိုက်ရန်ဖြစ်ပွားပျက်စီးသည့်အချိန်တွင် ခြင်္သေ့နှင့်နွားတို့၏ အသားကို မြေခွေးစားလတ္တံ့” ဟုဆိုပြီး ထိုအခြင်းအရာကိုကိုယ်တိုင်ကြည့်လိုသဖြင့် ရထားဖြင့် တောတွင်းသို့ဝင်ရောက်၍ ကြည့်လေသည်။ ထိုအချိန်တွင် ကောက်ကျစ်သော မြေခွေးသည် “ခြင်္သေ့ထံသို့သွား၍ နွား၏မကောင်းကြောင်းကိုပြောပြီး ခြင်္သေ့အပေါ် နွားကမရိုးသားဟုလည်းကောင်း၊ နွားထံသို့သွား၍ ခြင်္သေ့၏မကောင်းကြောင်းကိုပြောပြီး နွားအပေါ်ခြင်္သေ့က မရိုးသားဟုလည်းကောင်း” တစ်လှည့်စီ ကုန်းတိုက်စကားတို့ကို ဆိုလေသည်။ မြေခွေး၏ ကုန်းတိုက်စကားကို ကြားသည်ရှိသော် စဉ်းစားဆင်ခြင်မှုမရှိ၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပြန်မတွေး၊ အပြန်အလှန်ကူညီစောင့်ရှောက်ခဲ့ဖူးသည့် ကျေးဇူးများကို မထောက်ဘဲ ခိုက်ရန်ဖြစ်ပွားကြသည်။

မင်းကြီးနှင့် မုဆိုးတို့ရောက်သည့်အချိန်တွင် ခြင်္သေ့နှင့်နွားတို့ ခိုက်ရန်ဖြစ်ပွား၍ အချင်းချင်းတိုက်ခိုက်ကာ သေကြသည့်အချိန်တွင် မြေခွေးသည် ခြင်္သေ့သားကိုတစ်လှည့် နွားသားကို တစ်လှည့် မြိန်ရှက်စွာ စားသုံး၍နေလေသည်။ မင်းကြီးက “အသင်မုဆိုး ခြင်္သေ့နှင့် နွားတို့သည် အစာအားဖြင့်လည်းကောင်း၊ နေထိုင်မှုပုံစံအားဖြင့်လည်းကောင်း မတူညီကြသဖြင့်အစာလု၍လည်းကောင်း၊နေထိုင်စရာလု၍လည်းကောင်း ခိုက်ရန်ဖြစ်စရာ အကြောင်းမရှိပေ။ မြေခွေး၏ ကုန်းချော ကုန်းတိုက်စကားကို စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိဘဲ ယုံမှတ်မှားမိ၍သာ ပျက်စီးရသည်။ မြေခွေးသည် ခြင်္သေ့ကိုလည်းကောင်း နွားကိုလည်းကောင်း တိုက်ခိုက်နိုင်စွမ်းမရှိသဖြင့် အချင်းချင်းရန်တိုက်ကာ သေကျေပျက်စီးစေခြင်းသာဖြစ်သည်။ ကုန်းတိုက်စကားတို့မည်သည် အရာရာကို ပျက်စီးစေတတ်သည်” ဟု တရားပြဆုံးမခဲ့သည်။

**လှပသာယာရွှေမြန်မာ**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထူးခြားသည့် ဝိသေသလက္ခဏာများဖြင့် ပြည့်စုံနေသည့် နိုင်ငံဖြစ်ပြီး “ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း” စသည့် တိုင်းရင်းသားလူမျိုးများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်၍ သွေးချင်းမောင်နှမများအသွင် ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်စွာ နေထိုင်နေကြသည်။ တိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြားတွင် တစ်သားတည်းဖြစ်နေသော ချစ်ကြည်ရင်းနှီးမှုများကြောင့် ယနေ့အချိန်အထိ လက်တွဲမဖြုတ်စတမ်း စည်းလုံးညီညွတ်စွာ နေထိုင်နေကြသည်မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ရေမြေသဘာဝများက အလွန်သာယာလှပနေပြီး ပထဝီအနေအထားအရ အချက်အချာကျသည့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် ပြည်ပနိုင်ငံအချို့က လက်ဝါးကြီးအုပ်ကာ လွှမ်းမိုးချုပ်ကိုင်လိုကြသည်။ မြန်မာ့မြေကို ကုပ်သွေးစုပ်အမြတ်ထုတ်ကာ ရုပ်သေးရုပ်အသွင်ဖန်တီးလိုကြသဖြင့် တိုင်းရင်းသားအချင်းချင်းအကြား တည်ရှိနေပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့အကြားတွင် ခိုင်မာစွာတည်ရှိနေသည့် ယုံကြည်မှုတို့ကို ပျက်စီးအောင်မြေခွေးကဲ့သို့သော အကြံဖြင့် သွေးထိုးသပ်လျှိုသော စကားများကို ပြောဆိုနေကြသည်။

ထူးချွန်ထက်မြက်ပြီး မြန်မာ့အနာဂတ်အတွက် အလွန်အဖိုးတန်လှသည့် မျိုးဆက်သစ်လူငယ်များကို ဝါဒမှိုင်းများတိုက်ကာ စာသင်ကျောင်းများ၊ တက္ကသိုလ်များမှဆွဲထုတ်၍ ပြည်သူ့ရင်ခွင်ကို ခြေစုံကန်သူများဖြစ်အောင် ဆောင်ရွက်နေကြသည်။ မြန်မာဆိုသည့် အလံတစ်ခုတည်းအောက်တွင် ခိုင်မာသည့် စည်းလုံးညီညွတ်မှုတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်ထာဝစဉ်လက်တွဲကာကြိုးစားခဲ့သည့် တွဲလက်များကို ရိုက်ချိုးပစ်ရန် မြေခွေးကဲ့သို့သော ယုတ်မာသောအကြံဖြင့် ကြံစည်ဆောင်ရွက်နေခြင်းကို သတိပြုမိကြရန်လိုအပ်သည်။

**ရွှေလက်တွဲလို့ မြဲကြစေ**

ဘာသာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် အမျိုးသားရေးစရိုက် လက္ခဏာများ ခိုင်မြဲစွာ တည်ရှိနေသည့် နိုင်ငံများသည် ပြိုကွဲပျက်စီးရန်မလွယ်ကူပေ။ အမျိုးသားရေးစိတ်ဓာတ်သည် နိုင်ငံတိုင်းအတွက် အသက်သွေးကြောပင်ဖြစ်ပြီး လက်တွဲမဖြုတ်စတမ်းသော စည်းလုံးညီညွတ်မှုကို ရစေကာ “အမျိုးဘာသာ၊ သာသနာ” ကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ကို ဖြစ်စေသည်။ ဘာသာတရားအဆုံးအမများ၊ မိရိုးဖလာယဉ်ကျေးမှုများအရ မြန်မာတို့သည် ငြိမ်းချမ်းစွာ နေထိုင်လိုကြသည့် ဆန္ဒရှိကြပြီး အချင်းချင်းဖေးမကူညီရင်းဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြသူများဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အချက်အချာကျသည့် မဟာဗျူဟာကျသော နေရာတွင် တည်ရှိနေသဖြင့် လိုသလိုပုံသွင်း၍ ရုပ်သေးရုပ်ဓာတ်သို့သွင်းလိုကြသည့် မြေခွေးကဲ့သို့ ရက်စက်ယုတ်မာသည့် ပြည်ပနိုင်ငံများ၏ သွေးခွဲစကားများကို နိုင်ငံသားများက နားမယောင်မိစေဖို့က အဓိကကျလှသည်။ ကုန်းချော ကုန်းတိုက်သည့် မြေခွေးစဉ်းလဲများ မည်မျှပင်ရှိစေကာမူ အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့အကြား တွဲလက်ခိုင်မာကာ စည်းလုံးနေကြမည်ဆိုပါက မည်သည့်အင်အားကြီးနိုင်ငံကမျှ ရန်စဝံ့မည်မဟုတ်သဖြင့် တိုင်းရင်းသား အချင်းချင်းအကြား စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြည့်တင်းထားနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။ ။

**လင်းလက်**

# ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၀၁၁၄၉ ဧက လျာထားစိုက်ပျိုးမည်



ကန့်ဘလူ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာနှင့်ပန်းနှမ်း စသည့် သီးနှံမျိုးစုံ ၂၀၁၁၄၉ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆီထွက်သီးနှံမျိုးစုံ အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ ဒေသထွက် မြေသြဇာအချိုးကျသုံးစွဲနိုင်ရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ နောက်ဆုံးပေါ်နည်းပညာများရယူသုံးစွဲနိုင်ရေးနှင့် ဈေးကွက်ဝင်ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန်လည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၅၂၆၈ ဧက၊ နှမ်း ၉၆၇၁၆ ဧက၊ မုန်ညင်း ၅၆၃ ဧက၊ နေကြာ ၃၀၄၄ ဧကနှင့်ပန်းနှမ်း ၅၅၅၈ ဧက စုစုပေါင်း ၂၀၁၁၄၉ ဧကစိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အောင်မြင်အောင် အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မလှိုင် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကူခွဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကူခွဲကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း အရှည် ၄၈၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကူခွဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၂၆၉၅၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# တောင်သူများအား EM ဘိုကာရှီမြေဆွေးပြုလုပ်နည်း အသိပညာပေးဆွေးနွေးခြင်းများဆောင်ရွက်

နတ်မောက် အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၊ အင်းကုန်းကျေးရွာ၊ ပ/လက်ခုပ်ပင်ကျေးရွာ၊ တမာပင်ရပ်ကွက်နှင့် ကန်ကြီးရပ်ကွက်တို့ရှိ တောင်သူများအား EM ဘိုကာရှီမြေဆွေးပြုလုပ်နည်းအသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၁၈ ရက်နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိနှင့်ဝန်ထမ်းများက EM ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲခြင်းကြောင့် လယ်ယာမြေများ၏ မြေဆီသြဇာဓာတ်နှင့် မြေဆီလွှာဖွဲ့စည်းမှုများကို ရေရှည်အသုံးပြုနိုင်ရေးအတွက်ထိန်းသိမ်းထားနိုင်ခြင်း၊ ဓာတ်မြေသြဇာလိုအပ်ချက်ကို အတတ်နိုင်ဆုံးမှီခိုသုံးစွဲရမှုလျော့နည်းလာခြင်း၊ မြေသားတည်ဆောက်မှုကောင်းခြင်း၊ ရေနှင့်အာဟာရဓာတ်ကိုကောင်းမွန်စွာထိန်းထားနိုင်ခြင်း၊ ပေါင်းစေ့အပင်ပေါက်မြန်စေပြီး ပေါင်းနှိမ်နင်းရာတွင် လွယ်ကူစေခြင်း၊ သီးနှံပင်များ၏ပင်ကြွင်းပင်ကျန်များဖြင့်သဘာဝမြေသြဇာပြုလုပ်ခြင်းကြောင့်ကုန်ကျစရိတ်သက်သာခြင်း၊ သဘာဝဖြင့်ပြုလုပ်ထားသော မြေသြဇာဖြစ်သောကြောင့် လူသားများအစားအစာဘေးအန္တရာယ်ကင်းရှင်းစေနိုင်ခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့နိုင်သောစိုက်ပျိုးရေးစနစ်ကိုဆောင်ရွက်နိုင်ရန်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သီးနှံတစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် မိုးဦးသီးနှံအကြွင်းအကျန်များဖြစ်သည့် နှမ်းရိုး၊ မြေပဲရိုးများဖြင့် EM ဘိုကာရှီမြေဆွေးအသုံးချ၍ သဘာဝမြေသြဇာပြုလုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရာ ၁၀ ပေ၊ ၆ ပေ၊ ၄ ပေမြေဆွေးပုံများပြုလုပ်၍ တောင်သူများဖြင့်ပေါင်းစပ်ကာ ပညာပေးဆောင်ရွက်ကြကြောင်းသိရသည်။

**လှဝင်း**

မြတ်နိုးဖွယ်ရာ မြန်မာကဗျာ

## မန်းစက်တော်ရာသို့

❦ မန်းချောင်းရစ်ခွေ၊ မန်းတောင်ခြေ၌
မန်းရေဝင်းလဲ့၊ မန်းလေနွဲ့သော်
စိမ်းလဲ့သစ်လွင်၊ တောတောင်ခွင်ဝယ်
သမင်ဒရယ်၊ ချေငယ် စိုင်ဆတ်
ရေစပ်ဆင်းတုံ၊ မဆင်းတုံနှင့်
သင်းထုံမွှေးမြ၊ ပန်းတိုင်းလှသည်
"သာစွ စက်တော်ရာ" တကား။

❦ အမ်းတောင်ကြားလမ်း၊ လျှိုစိမ့်စမ်းနှင့်
ငြိမ်းချမ်းလှပေ၊ ငဖဲမြေမှ
နတ်ရေကန်တောင်၊ အံ့ဖွယ်ဆောင်သော်
လွမ်းအောင်ဖန်သော၊ ချို့ဥသြ၏
ဆိုသောတေးနွဲ့၊ တသဲ့သဲ့လျှင်
"လွမ်းဖွယ့် စက်တော်ရာ" တကား။

❦ နှစ်ပေါင်းရှည်ကြာ၊ ဟိုရှေးခါက
မြတ်စွာဗုဒ္ဓ၊ ဒေသစာရီ
ကြွချီခဲ့ဖူး၊ ဂုဏ်ကျေးဇူးကြောင့်
ထူးမြတ်ပေစွ၊ ဤဒေသဝယ်
ဗုဒ္ဓမြတ်စွာ၊ သာသနာလျှင်
ကမ္ဘာအရှည်၊ ခိုင်ကျည်တည်တံ့
ချီးအံ့မကုန်၊ တန်ခိုးဂုဏ်နှင့်
ပြည့်စုံပေခဲ့၊ ရွှေရောင်လဲ့သည်
"အံ့ဖွယ့် စက်တော်ရာ" တကား။

❦ နံ့သာနွယ်ဖူး၊ ရောဦးမှ
မင်းဘူးသာခေါင်၊ ရွှေနတ်တောင်နှင့်
ညို့မှောင်တောလမ်း၊ အဆန်းဆန်းအား
ဖြတ်သန်းခဲ့သော်၊ ရွှေစက်တော်ကို
ဩော်…ဩော်…ချမ်းမြ၊ ဖူးခဲ့ရသည့်
နွေလမပီ၊ ဆောင်းမမည်သော
ရာသီဝိုးဝါး၊ ထိုရက်များသို့
ပြန်သွားချင်ပါ၊ ခွင့်မသာသော်
"ချစ်စွာမိတ်ရင်း၊ ဆွေတစ်သင်းနှင့်
ဘေးကင်းရန်ကွာ၊ တစ်နေ့ခါဝယ်
ဖူးပါရစီ"၊ လက်အုပ်ချီရင်း
မျှော်ရည်တမ်းလျက်၊ အလွမ်းဆက်သည်
"မန်းစက်တော်ရာ" သို့ တကား။ ။

**မြင်းမူမောင်နိုင်မိုး**

# ဆင္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်တက်ရောက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိ



ရန်ကုန် အောက်တိုဘာ ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော ဆရာတော်ကြီးကိုးပါး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့နှင့်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းတို့သည် အောက်တိုဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် နင်းဘိုမြို့ ရွှယ်တုံးတောင်၌ ကျင်းပသည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ပြီး ခရီးစဉ်အတွင်း Howard Johnson ဟိုတယ် ဧည့်ခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများသည် The Buddhist Association of China ၏ ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် The Buddhist Association of China ဥက္ကဋ္ဌဆရာတော် Yan Jue က နောင်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးပွဲများ ကောင်းမွန်စွာကျင်းပနိုင်ရေး စီစဉ်သွားမည်ဖြစ်ကြောင်း၊ ယခု ဗုဒ္ဓဘာသာ ဖိုရမ်သို့ကြွရောက်လာသော ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့ဝင်ဆရာတော်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး အတွေ့အကြုံကောင်းများ ပြည့်ပြည့်ဝဝရယူနိုင်ကြပါစေကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ က တရုတ်နိုင်ငံတွင် ယခုလို ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အစည်းအဝေးကြီးအား ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များစုပေါင်းပြီး ညီညီညွတ်ညွတ်ပြုလုပ်ခြင်းသည် မိမိတို့ဗုဒ္ဓဘာသာအတွက် တိုးတက်ကြီးပွားကြောင်းဖြစ်သည့် အကြောင်းတရားတစ်ခုဖြစ်ကြောင်း၊ အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုကြောင်း ဆွေးနွေးလျှောက်ထားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် The Buddhist Association of China ၏ ဥက္ကဋ္ဌဆရာတော် Yan Jue အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာလ ၁၈ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Luo Yu Hai၊ Southern China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Liu Xiao Ming ၊ Yunnan Association for International Friendly Contact ဥက္ကဋ္ဌ Mr. Chen Tao နှင့်တွေ့ဆုံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်အောင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အောက်တိုဘာလ ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရတနာပုံစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆောင်ရွက်နေမှု၊ ဝါကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေသည့်အပေါ် ပြန်လည်သုံးသပ်၍ အားနည်းချက်များတွေ့ရှိပါက အမြန်ဆုံးပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ဆန်၊ ဆီများကို ထောက်ပံ့ပေးအပ်သည်။



အောက်တိုဘာလ ၁၈ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နည်းပညာပံ့ပိုးမှုဖြင့် အထည်ချုပ်သင်တန်းကျောင်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ သင်တန်းများအား အစီအမံများစနစ်တကျရေးဆွဲ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် နို့ချက်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးရန် တင်ပြချက်အရ ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာနို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိရာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒီဇင်ဘာခြံမှ ထုတ်ကုန်ပစ္စည်းများကို အားပေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနခွဲ (ပြင်ဦးလွင်)သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သော စားသောက်ကုန်များအား စမ်းသပ်စစ်ဆေးပေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းဖွင့်လှစ်ရန် အဆောက်အအုံများအား ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့ရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောက်ဆည်စက်မှုနယ်မြေမှ စက်ရုံမှူးများ၊ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့ရှိ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ဆီထွက်သီးနှံများအား ကြိတ်ခွဲနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (မဝ)

# ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မေယုလမ်း မြေသားပြုပြင်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက်အတွင်းရှိ အိလက်ရာ အသင့်စားဖွယ်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းခွင်နှင့် ရွှေအင်ကြင်းရပ်ကွက်အတွင်းရှိ ဒေသထွက်ကုန်ကြမ်းမှ အဆင့်မြင့်စားသုံးဆီ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေသည့် လင်းစိန် ဆီစက်နှင့် ဆီထုပ်ပိုးမှုလုပ်ငန်းခွင်တို့သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျီးသဲလေးထပ်ပညာရေးစင်တာကျောင်းတိုက်ပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ ဒေါက်တာ အရှင်စန္ဒာဝရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် Plenary Hall ၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များက တိုင်းရင်းသားနှင့်ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေသည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ပညာသင်စရိတ်များထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်စဉ်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီး၌လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး
ဒေါ်ကြူကြူလှ
ပြိုင်ပွဲအဆင့်အလိုက်
အကဲဖြတ်ဆောင်ရွက်ပေးနေသည့်
အကဲဖြတ်ပညာရှင်များနှင့်
ပြိုင်ပွဲဝင်များအား
ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

# လှည်းကူးမြို့နယ် တံခွန်တိုင်(အင်းစိန်)ကျေးရွာ၌ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder)ဖြင့် စိုက်ပျိုးထားသော မိုးစပါးစံပြကွက်ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder)ဖြင့် စိုက်ပျိုးထားသည့် စူပါနံ့ကောက် မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို အောက်တိုဘာလ ၁၈ ရက်က တံခွန်တိုင်(အင်းစိန်)ကျေးရွာအုပ်စု ကွင်းအမှတ်(၅၀၄) မောင်ကြီးရိုးကွင်း ဦးပိုင်အမှတ်(၁၅/၂) တောင်သူ ဦးမျိုးမင်း ထိုက်၏ မိုးစပါးစံပြကွက် ၇ ဒသမ ၀၁ ဧက၌ ကျင်းပသည်။

ထိုသို့ တိုက်ရိုက်မျိုးစေ့ချကိရိယာ (Seeder)ဖြင့်စိုက်ပျိုးထားသည့် စူပါနံ့ကောက် မိုးစပါးစံပြကွက် သုည ဒသမ ၁ ဧကကို စပါးခြွေလှေ့စက်ဖြင့် ရိတ်သိမ်းကြရာ တစ်ဧကလျှင် အစိုအထွက်နှုန်း အနေဖြင့် ၁၁၃ တင်းနှုန်းနှင့် အခြောက်အထွက်နှုန်းအနေဖြင့် ၁၀၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံပြကွက် ရိတ်သိမ်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအောင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

# ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲဖြူ(အပြားကြီး)များ အရောင်းသွက်နေ

မအူပင် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲဖြူ (အပြားကြီး)များ ဝယ်လိုအားကောင်းလာသည့်အတွက် အရောင်းသွက်နေကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဇာဇာဝင်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် အောက်တိုဘာလ ပထမပတ်မှ လက်ရှိအချိန်ထိ ထောပတ်ပဲဖြူ (အပြားကြီး)များ ဝယ်လိုအားကောင်းနေသောကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ထောပတ်ပဲဖြူ (အပြားကြီး)များကို ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲဖြူတွေဝယ်လိုအားကောင်းနေပါတယ်။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလည်း ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလိုဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေသိရပါတယ်။ အခုလို အရောင်းသွက်လာတော့ ထောပတ်ပဲဖြူ သိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်။ မကြာမီလည်း ဒေသထွက်ပဲတွေ ထွက်ရှိတော့မှာပါ"ဟု ဒေါ်ဇာဇာဝင်းက ပြောသည်။

မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ထောပတ်ပဲဖြူ(အပြားကြီး)များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the ethnic / rural traditional dance competition (open level).



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the ethnic / rural traditional dance competition (open level).

NAY PYI TAW October 19

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoyed the 25th Silver Jubilee Myanmar Traditional Cultural Performing Arts Competitions (central level) held this afternoon at the Myanmar International Convention Center (II) in Nay Pyi Taw.

Along with the Senior General and his wife were council members and their spouses, Union Ministers and their spouses, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief, Deputy Ministers, judges, supervisors, participants from regions and states, ethnic brethren, as well as citizens who cherish traditional cultural performing arts.

Initially, the Senior General, his wife, and party watched the ethnic / rural traditional dance competition (open level) at the Plenary Hall. In this competition, various traditional dance groups representing regions and states performed dances that highlighted ethnic and rural cultural characteristics, demonstrating elegance and harmony.

After the performances, the Senior General and his wife greeted the judges and contestants warmly. **100**

## Farmers plant more than 12,000 acres of monsoon paddy in ChaungU Township this monsoon

CHAUNGU October 19

Statistics of ChaungU Township Agriculture Department stated that a total of 12,485 acres of monsoon paddy has been planted in ChaungU Township of Sagaing Region this monsoon.

Local authorities planned to grow 11,996 acres of monsoon paddy this monsoon but local farmers exceeded cultivation of monsoon paddy on 12,485 acres of farmlands.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department commented: "The township officials earmarked 11,996 acres of monsoon paddy this monsoon but local farmers planted 12,485 acres of monsoon paddy exceeding the target cultivation. We provided necessary agricultural techniques and quality-strains of crops to local farmers. Moreover, we made field trips to local farmers to grow paddy in time."

This year, officials of the Township Agriculture Department cooperate with local farmers in growing monsoon paddy without any hardships.

Officials of Township Agriculture Department raised farmer awareness with agriculture techniques, prevention of pests, minimizing loss and waste of crops and keeping harvested crops under shelter in time.

This year, staff of the township Agriculture Department help local farmers choose quality strains of crops, conduct surveillance of pests, weed farmlands, remove different strains of crops and systematically use fertilizers at the farmlands.

**SMK**

# Over 400 container vessels arrive at the Yangon Port in the past nine months

YANGON October 19

A total of 464 container vessels arrived at the Yangon Port in the past nine months (January-September) 2024, the Myanma Port Authority announced.

Myanma Port Authority stated that 49 vessels in January, 53 in February, 55 in March, 50 in April, 52 in May, 50 each in June, July and August and 55 in September called at Yangon Port. This month, 52 vessels are slated to enter the port in October.

Yangon Port handled 629 container vessels in 2023. According to the Myanma Port Authority's statement on 22 June 2022, the international ocean liners can now access the inner port thanks to the draft extension.

After the new navigation channel (Kings Bank Channel) accessing the inner Yangon River was found, the draft extension work was accelerated. The port can now handle larger ships. The container vessel MV SITC Zhaoming (185.99 metres LOA, 35.25 metres Beam, 29,232 GRT and 2,698 TEUs) of Hong Kong-based SITC Shipping Line docked at Asia World Port Terminal for the first time on 22 June, the largest ship that AWPT Port handled.




Since May 2021, ship arrivals at terminals in Yangon have increased again. Three new container vessels by Maersk Line Myanmar (SeaLand Maersk) started to run to fulfil the seaborne trade requirements in 2021. Earlier, the larger ships had draft problems preventing sailing on the Yangon River. With the draft being extended up to 10 metres, the larger ocean liners can enter the Thilawa Port. **SK**

## Pyapon Township supplies 75,000 viss of octopus to Yangon market

PYAPON October 19

Local fishermen and businesspersons from Pyapon Township of Ayeyawady Region sent 75,000 viss of octopus to Yangon market said Daw Myat Su, owner of marine product trading commodity centre in Pyapon Township.

They sent 55,000 viss of octopus to Yangon market in July compared with 75,000 viss in August.

Daw Myat Su commented: "We send marine products including octopus to Yangon market. In August, we sent 75,000 viss of octopus to Yangon market. At present, octopus is in high demand. Depending on weight and size, it fetches good prices. Due to high demand, supply is on the rise, So, local fishermen and businesspersons are convenient in their livelihoods."

The small octopus with long tentacles fetches Ks-25,500 per kilo and short tentacles Ks-20,500. As Pyapon Township can rise volume of marine products to be supplied to Yangon market, local fishermen and traders in addition to those in production chain are having good opportunities.

**SMK**



## Groundnut planted on more than 9,000 acres of croplands in Sagaing Township this monsoon

SAGAING October 19

According to the statistics of Sagaing Township Agriculture Department, a total of 9,251 acres of groundnut has been planted in Sagaing Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township authorities earmarked 9,1,48 acres of groundnut but local farmers planted 9,251 acres of groundnut exceeding the target cultivation.

U Zaw Oo, Head of Sagaing Township Agriculture Department stated: "We earmarked cultivation of 9,148 acres of groundnut in the township. So, oil crops are thriving in the township. Sown acreage of groundnut is on the rise year by year.

It is necessary to use 1.5 baskets of quality strains of groundnut seeds per acre. Farmers need to spend more than Ks-200,000 per acre for labour charge, quality strains of crop seeds, pesticide and fertilizers.

Officials of Township Agriculture Department make field trips to the groundnut plantations for checking thriving of crops, surveillance of pests, and weeding of crop lands to boost per-acre yield of crops. **SK**

## Plan underway to grow more than 13,000 acres of sunflower in coming winter in Kawlin District

KAWLIN October 19

Kawlin Township Agriculture Department stated that preparations are being made to grow 13,100 acres of winter sunflower in Kawlin District of Sagaing Region in coming winter.

In 2024-2025 winter, the district authorities set plans to grow 11,118 acres of sunflower in Kawlin Township, 1,160 acres in Wuntho Township and 822 acres in Pinlebu Township, totalling 13,100.

U Win Thein, Head of District Agriculture Department said: "Our district planned to grow 13,100 acres of winter sunflower. We will strive for meeting the target cultivation, aimed at reducing import volume of palm oil. So, we encourage expansion of sown acreage of sunflower. In fact, production of oil from sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter more than monsoon."

In the district, relevant township agriculture departments conduct training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

This year, Kawlin District authorities will arrange distribution of quality strains of sunflower seeds, urea fertilizer and other agricultural inputs to local farmers at fair prices.

**SMK**

## Cultivation of 2,700 acres of green gram finishes in Kalay Township

KALAY October 19

According to the statistics of Kalay Township Agriculture Department, a total of 2,700 acres of croplands have been placed under green gram in Kalay Township of Sagaing Region this monsoon.

Local authorities set a plan to grow 2,222 acres of green gram in Kalay Township this monsoon, but local farmers planted 2,700 acres of monsoon green gram exceeding the target cultivation.

U Naing Win Tun, Head of Kalay Township Agriculture Department stated: "We earmarked 2,222 acres of green gram in the township this monsoon. But, local farmers cultivated 2,700 acres of monsoon green gram exceeding the target."

This year, officials of Township Agriculture Department shared knowledge with local farmers to use quality strains of crops, agricultural techniques, prevention of pests, systematic use of fertilizers and efforts for boosting per-acre yield.

**SMK**

# Senior Hamas official says Palestinian group believes in victory



MOSCOW October 19

The Palestinian movement Hamas cannot be destroyed and is confident that it will ultimately win, Basem Naim, a senior member of Hamas's political bureau, said on Friday.

"Hamas is a liberation movement led by people seeking freedom and dignity, and this cannot be destroyed," he said in a statement quoted by Press TV.

Naim spoke after the Israel Defence Forces announced on Thursday the killing of Hamas leader Yahya Sinwar.

**Sputnik**

# China leading 'Age of Electricity' – report

BEIJING October 19

The global energy market is entering a new "age of electricity" led by China, with fossil fuel demand set to peak by the end of the decade, the International Energy Agency (IEA) has said.

In its annual World Energy Outlook published on Wednesday, the IEA said that clean energy generation is progressing at an "unprecedented rate," as the production of batteries and solar panels surges, driven by industry, electric vehicles and data centers.

China is expected to account for almost 60 percent of all renewable energy capacity installed worldwide by 2030, despite remaining one of the world's top oil consumers, the IEA noted. China's solar generation alone is on track to exceed the US' total electricity demand by the next decade.

According to the watchdog, the conflicts in Ukraine and the Middle East have exposed the strain on the global energy system and the need for investment to speed up the transition to "cleaner and more secure technologies."

"In energy history, we've witnessed the Age of Coal and the Age of Oil," IEA Executive Director Fatih Birol explained.

"We're now moving at speed into the Age of Electricity, which will define the global energy system going forward and increasingly be based on clean sources of electricity," he added.

A record high volume of clean energy came online globally last year, the IEA said, including more than 560 gigawatts (GW) of renewable power capacity. Nearly US$-2 trillion is being invested in clean energy projects around the world annually, almost double the amount invested in fossil fuels, the Paris-based organization said.

"Together with nuclear power, which is the subject of renewed interest in many countries, low-emissions sources are set to generate more than half of the world's electricity before 2030," the report said.

At the same time, demand for fossil fuels is still projected to peak by the end of the decade, according to the agency, as the deployment of clean energy "is far from uniform across technologies and countries."

Despite the "growing momentum behind clean energy transitions," the IEA said the world was "still a long way from a trajectory aligned" with its goal of becoming carbon neutral by 2050.

**RT**

# Russian forces liberate Zoryanoye settlement in Donetsk Region

MOSCOW October 19

The Yug Battlegroup repelled two attacks and destroyed an ammunition depot, causing Ukrainian forces to lose up to 830 soldiers. The strikes targeted Ukrainian brigades near Kostiantinovka, Kurakhovo, Nikiforovka, and Zvanovka. Two vehicles and two electronic warfare stations were also destroyed.

Units of the Yug Battlegroup have taken control of the settlement of Zoryanoye in the DPR, according to the Russian Ministry of Defence.

"As a result of the successful actions of the units of the Battlegroup Yug, the settlement of Zoryanoye in the Donetsk People's Republic has been liberated," the ministry's report stated..



Zoryanoye is a village located two kilometers southeast of Gornyak. Its liberation opens the way to the outskirts of Gornyak itself — a town with a population of about 10,500 people, located 17 kilometers northeast of Kurakhovo and 11 kilometers southeast of Selidovo.

An important railway line, which supplies a significant portion of the Ukrainian Armed Forces in the Donbass, passes through Gornyak. Additionally, the town hosts several large mines. Its liberation would deal a serious blow to Ukraine's coal industry.

Furthermore, tactical aviation, strike drones, missile forces, and artillery of the Russian Armed Forces have targeted fuel and energy infrastructure facilities used by the Ukrainian Armed Forces, as well as airfields, the ministry's report stated. Strikes were also carried out on concentrations of enemy personnel and military equipment in 138 areas.

**Sputnik**

# Xi urges strategic missile troops to enhance deterrence, combat capabilities

HEFEI October 19

Chinese President Xi Jinping has urged the country's strategic missile troops to strengthen their deterrence and combat capabilities and resolutely fulfill the tasks entrusted to them by the Party and the people.

Xi, also general secretary of the Communist Party of China Central Committee and chairman of the Central Military Commission, made the remarks while inspecting a brigade of the Chinese People's Liberation Army Rocket Force on Thursday.

Xi visited the brigade, which is a strategic missile troop boasting a history of over 50 years, on Thursday morning. Since the 18th CPC National Congress in 2012, the brigade has strengthened its training in real combat conditions and accomplished a series of major tasks.

Xi then went to the brigade's training field, where he learned about the tactical and technical performance of the brigade's newly introduced weaponry and equipment and examined its training in operating the arms.

He encouraged the officers and soldiers of the brigade to have good command and make best use of the weapons in their hands, and live up to the trust of the Party and the people.

Later, Xi was briefed on the work of the brigade and made a speech. He stressed the importance of upholding the Party's absolute leadership over the armed forces and strengthening Party-building at the primary level.

Xi demanded efforts to intensify troop training and enhance combat preparedness across the board, and improve combat capabilities, so as to effectively safeguard national strategic security and core interests.

He also emphasized the need to strengthen targeted training with new equipment, new skills and new combat methods, improve support, and systematically enhance combat capabilities.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 15

## Past perfect (I had done)

B Compare present perfect (**have seen** etc.) and past perfect (**had seen** etc.):

*Present perfect*




- Who is that woman? **I've seen** her before, but I can't remember where.
- We aren't hungry. We**'ve** just **had** lunch.
- The house is dirty. They **haven't cleaned** it for weeks.

*Past perfect*




- I wasn't sure who she was. **I'd seen** her before, but I couldn't remember where.
- We weren't hungry. We**'d** just **had** lunch.
- The house was dirty. They **hadn't cleaned** it for weeks.

C Compare past simple (**left** , **was** etc.) and past perfect (**had left** , **had been** etc.):

Past simple

- A: Was Tom there when you arrived?
  B: Yes, but he **left** soon afterwards.
- Kate **wasn't** at home when I phoned.
  She **was** at her mother's house.

Past perfect

- A: Was Tom there when you arrived?
  B: No, he**'d** already **left** .
- Kate **had** just **got** home when I phoned.
  She**'d been** at her mother's house.

Past perfect continuous → **Unit 16** Irregular verbs (**gone**/**seen** etc.)→ **Appendix 1**

## Exercises

15.1 **Read the situations and write sentences using the words in brackets.**

1. There was a picture lying on the floor.
   (It / fall / off the wall) It had fallen off the wall.
2. The people sitting next to you on the plane were nervous. It was their first flight.
   (They / not / fly / before) They hadn't flown before.
3. You went back to your home town recently after many years. It wasn't the same as before.
   (It / change / a lot) It ....................
4. Somebody sang a song. You didn't know it.
   (I / not / hear / it / before) I ....................
5. I invited Rachel to the party, but she couldn't come.
   (She / arrange / to do something else) ....................
6. You went to the cinema last night. You got to the cinema late.
   (The film / already / start) ....................
7. Last year we went to Mexico. It was our first time there.
   (We / not / be / there / before) We ....................
8. I met Daniel last week. It was good to see him again after such a long time.
   (I / not / see / him for five years) ....................
9. I offered my friends something to eat, but they weren't hungry.
   (They / just / have / lunch) ....................
10. Sam played tennis yesterday. He wasn't very good at it because it was his first game ever.
    (He / never / play / before) ....................

**Raymond Murphy**

တနင်္ဂနွေအထူးဆောင်းပါး

# ရုရှား-မြောက်ကိုရီးယားပူးပေါင်းခြင်းဖြင့် အမေရိကန်ကို ခွချက်ချက်လိုက်ပြီ



**စစ်**တုရင်ကစားနည်းမှာ ခွချက်ချက်လိုက်ပြီဆိုတဲ့ စကားတစ်ခုရှိတယ်ခင်ဗျ။ သူ့ရဲ့အဓိပ္ပာယ်ကတစ်ဖက်အနေနဲ့ ဘယ်ဘက်ကိုမှရွှေ့လို့မရတော့တဲ့အထိကို ချောင်ပိတ်ဖမ်းလိုက်တဲ့သဘောပေါ့။ ဒီလိုချောင်ပိတ်အဖမ်းခံရပြီဆိုရင် ဘယ်လိုနည်းနဲ့မှရွှေ့ဆက်တိုးလို့မရတော့ဘဲ အရှုံးပေးလိုက်ရတယ်ဆိုတဲ့သဘောပေါ့ဗျာ။

အခုဆိုရင်လည်း အမေရိကန်နိုင်ငံက ချောင်ပိတ်အဖမ်းခံလိုက်ရတဲ့ တစ်နည်းအားဖြင့် ခွချက်အချက်ခံလိုက်ရတဲ့အနေအထားတစ်ခုကို ရောက်သွားတာတွေ့ရပါတယ်။ အမေရိကန်ကို ဘယ်သူကခွချက်ချက်သွားလည်းဆိုတော့ ရုရှားနဲ့မြောက်ကိုရီးယားတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုကြောင့်ပေါ့ဗျာ။ ဘယ်လိုမျိုးကြောင့် အခုလိုမျိုးပြောနိုင်ရတာလဲဆိုတာကို ရှင်းပြပါဦးမယ်ခင်ဗျ။

ပြီးခဲ့တဲ့ရက်ပိုင်းကပေါ့။ တောင်ကိုရီးယားအမျိုးသားထောက်လှမ်းရေးဌာနက ကောင်းကင်ဓာတ်ပုံတချို့ကိုထုတ်ပြန်လာတယ်ခင်ဗျ။ အဲဒီကောင်းကင်ဓာတ်ပုံတွေထဲမှာ မြောက်ကိုရီးယားစစ်သည်တချို့ ရုရှားနိုင်ငံရဲ့ စစ်ရေးလေ့ကျင့်ကွင်းတွေထဲကို ရောက်ရှိနေတာတွေ့ရတယ်လို့ပြောတာပါပဲ။ တကယ်ဟုတ်၊ မဟုတ်ဆိုတာကိုတော့ အတည်မပြုနိုင်သေးဘူးခင်ဗျ။ တောင်ကိုရီးယားဆိုတာက မြောက်ကိုရီးယားရဲ့လှုပ်ရှားမှုမှန်သမျှကိုစောင့်ကြည့်နေတယ်ဆိုတဲ့အကြောင်းတစ်ဖက်ကနေဟိတ်ဟန်ထုတ်လိုက်တဲ့သဘောလည်းပါနိုင်ပြီး တစ်ဖက်ကနေကြည့်ရင်တော့လည်း မြောက်ကိုရီးယားစစ်သည်တွေ ရုရှားနိုင်ငံထဲကို အမှန်တကယ်ရောက်ရှိနေတာဖြစ်ကောင်းဖြစ်နိုင်တယ်ခင်ဗျ။

ဒါ့အပြင် သူတို့ရဲ့ထုတ်ပြန်ချက်ထဲမှာ ဘာထပ်ပြောထားလည်းဆိုတော့ မြောက်ကိုရီးယားတပ်ဖွဲ့တွေက ရုရှားယူနီဖောင်းတွေဝတ်၊ ရုရှားလက်နက်တွေကိုင်ပြီး ရုရှားတပ်ဖွဲ့တွေနဲ့အတူတူလေ့ကျင့်ခန်းလုပ်နေတယ်လို့တောင် ပြောထားတာခင်ဗျ။ တိကျတဲ့သက်သေပြချက်တော့ မပါဘူးပေါ့လေ။

တောင်ကိုရီးယားထောက်လှမ်းရေးအဖွဲ့ရဲ့ထုတ်ပြန်ချက်ထဲမှာတော့ ရုရှားရဲ့စစ်ရေးလေ့ကျင့်ကွင်းတွေထဲကိုရောက်နေတဲ့ မြောက်ကိုရီးယားစစ်သည်အရေအတွက်က ၆၄၀ ခန့်ရှိတယ်လို့ဆိုထားတာပေါ့။ ဒါတင်မကသေးဘူးခင်ဗျ။ နောက်ထပ်မြောက်ကိုရီးယားစစ်သည်အများအပြားကလည်း ရုရှားရဲ့တခြားစစ်စခန်းတွေမှာ ရောက်နေတယ်လို့လည်း ပြောထားသေးတယ်ခင်ဗျ။ ပျမ်းမျှအားဖြင့်တော့ မြောက်ကိုရီးယားစစ်သည် ၁၅၀၀ ခန့်ရှိတယ်လို့ သူတို့ပြောထားတာပေါ့။

တခြားထုတ်ပြန်ချက်တွေထဲမှာကြည့်လိုက်ရင်လည်း ဖြန့်ကြက်နေရာယူဖို့အတွက် အသင့်စောင့်ဆိုင်းနေတဲ့ မြောက်ကိုရီးယားစစ်သည် စုစုပေါင်း ၁၂၀၀၀ အထိရှိတယ်လို့ ပြောထားတာမျိုးတွေလည်းတွေ့ရတယ်ခင်ဗျ။ ဒါပေမဲ့ အရေအတွက်ကမှန်ကန်တိကျတယ်လို့တော့ ဘယ်သူမှလက်ဆုပ်လက်ကိုင်မပြနိုင်ကြဘူးပေါ့ဗျာ။ စစ်ရေးလုပ်ဆောင်ချက်ဖြစ်တဲ့အတွက် လျှို့ဝှက်လုပ်ဆောင်နေကြတာကြောင့် ဘယ်သူမှသတင်းအတိအကျမရကြတာလည်းပါမယ်ခင်ဗျ။ ဒီတော့ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံမှာ မြောက်ကိုရီးယားစစ်သည်တွေ ရောက်ရှိနေပြီဆိုတဲ့ယူဆချက်နဲ့ ဆက်လက်သုံးသပ်ကြည့်လိုက်ရအောင်ခင်ဗျ။

တကယ်လို့သာ မြောက်ကိုရီးယားတပ်ဖွဲ့တွေက ရုရှားရဲ့စစ်ရေးလေ့ကျင့်ကွင်းတွေမှာသာ ရောက်နေတယ်ဆိုရင်၊ နောက်ဆုံးမှာ ရုရှားတပ်ဖွဲ့တွေနဲ့ပူးပေါင်းသွားမယ်ဆိုရင် လက်ရှိဖြစ်ပွားနေဆဲ ရုရှား-ယူကရိန်းပဋိပက္ခအပေါ်သက်ရောက်မှုက သိပ်ကိုကြီးမားသွားလိမ့်မယ်ခင်ဗျ။ ဒီတော့ တင်းမာမှုကြီးထွားလာမှာလားဆိုတဲ့မေးခွန်းက ရုရှားနိုင်ငံအနေနဲ့ ဘယ်အချိန်မှာဘယ်လိုပုံစံနဲ့ မြောက်ကိုရီးယားစစ်သည်တွေကို ဖြန့်ကြက်အသုံးပြုသွားမလဲဆိုတဲ့အပေါ် မူတည်နေတယ်ပေါ့ဗျာ။ အဖြစ်နိုင်ဆုံးသောအခြေအနေတစ်ခုကတော့ ရုရှားနိုင်ငံအနေနဲ့ မြောက်ကိုရီးယားမှစစ်သည်တွေကို ရှေ့တန်းစစ်မြေပြင်ဆီမပို့ဘဲ အရန်အင်အားစုအနေနဲ့အသုံးပြုနိုင်ခြေသာပိုများတယ်လို့သုံးသပ်ရတယ်ခင်ဗျ။ ဘာကြောင့်လဲဆိုတာ အောက်မှာဆက်ရှင်းပြပေးပါမယ်ခင်ဗျ။

ရုရှားက ယူကရိန်းမှာအထူးစစ်ဆင်ရေးဆင်နွှဲနေတယ်ဆိုတာ အားလုံးသိမှာပါ။ ဒါပေမဲ့ အထူးစစ်ဆင်ရေးဖြစ်တဲ့အတွက် မီးကုန်ယမ်းကုန်စစ်ပွဲကြီးတစ်ပွဲလိုမျိုး ဆင်နွှဲနေတာတော့ မတွေ့ရဘူးမဟုတ်လား။ ရုရှားဘက်ကလည်း စစ်သည်အင်အားကို အပြည့်အဝအသုံးပြုထားတာလည်း မတွေ့ရဘူးဗျ။ ဒီအခြေအနေက ဘာကိုဖော်ပြနေလည်းဆိုရင် ရုရှားက ယူကရိန်းကိုအလုံးစုံသိမ်းပိုက်နိုင်ရေးအတွက် လုပ်ဆောင်နေတာမဟုတ်ဘဲ NATO တပ်ဖွဲ့အနေနဲ့ အရှေ့ဘက်စစ်နယ်ဝန်းကို ဒီထက်ပိုပြီးမချဲ့ထွင်လာစေဖို့ကိုသာ ဟန့်တားနေတဲ့သဘောပါခင်ဗျ။

ဒါကို NATO တပ်ဖွဲ့က ရုရှားမှာအင်အားနည်းနေပြီ။ ငါတို့တော့ ယူကရိန်းဘက်ကနေဝင်တိုက်ပေးလိုက်ရင် ရုရှားအနေနဲ့အရှုံးကြီးရှုံးရလိမ့်မယ်ဆိုပြီး တွေးထားပုံရတယ်ခင်ဗျ။ ဒါကြောင့်လည်း စစ်ရေးမှာ ယူကရိန်းကိုကူညီရုံသာမက နိုင်ငံရေးမှာဆိုရင်လည်း ဘယ်သူမှမမျှော်မှန်းထားတဲ့ ပိတ်ဆို့မှုတွေကိုလုပ်ဆောင်ခဲ့ကြတာပါ။ ဒီလိုမျိုးပိတ်ဆို့မှုတွေအောက်မှာ ရုရှားတစ်ယောက်ခေါင်းငုံ့သွားသလားဆိုတော့ NATO တပ်ဖွဲ့ကမျှော်မှန်းထားတဲ့ ရလဒ်ပြောင်းပြန်ကသာ အဖြေအဖြစ်ထွက်ပေါ်လာတာပေါ့ခင်ဗျာ။

စစ်တိုက်တာဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက်ထိခိုက်သေကျေဆုံးရှုံးမှုတွေတော့ ရှိကြစမြဲပါပဲ။ ယူကရိန်းဘက်ကလည်းထိခိုက်သလို ရုရှားဘက်ကလည်းထိခိုက်ရပါတယ်။ စစ်ရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကနေ ဘယ်သူမှလွတ်မြောက်မသွားနိုင်ဘူးပေါ့ဗျာ။ ရုရှားမှာ အရန်တပ်ဖွဲ့ဆိုတာရှိသလို နိုင်ငံတိုင်းလိုလိုမှာလည်း အရန်တပ်ဖွဲ့ဆိုတာရှိပါတယ်။ အရန်တပ်ဖွဲ့ရဲ့သဘောသဘာဝက လိုအပ်လာရင် ဝင်ရောက်ကူညီတိုက်ပွဲဝင်ပေးရတာမျိုးခင်ဗျ။ အခုအခြေအနေတွေအရဆိုရင် ရုရှားကသူ့ရဲ့အရန်တပ်ဖွဲ့ကနေ အင်အားစုတချို့ကိုထုတ်နုတ်အသုံးပြုတော့မယ်လို့ ယူဆရတယ်ခင်ဗျ။

နောက်တစ်ချက်က ရုရှားအနေနဲ့စစ်မှုထမ်းဆင့်ခေါ်မှုကို လျှော့ချတော့မယ့်အခြေအနေလည်းတွေ့ရတယ်ခင်ဗျ။ စစ်ပွဲဆိုတာ ရေရှည်မှာသဘာဝအရင်းအမြစ်တွေ၊ ကုန်ထုတ်လုပ်မှုစွမ်းအားတွေ၊ ကမ္ဘာ့အဆင့်မီတဲ့ အင်ဂျင်နီယာစွမ်းရည်တွေအပေါ် မှီခိုနေတာမဟုတ်ပါလား။ ဒါကြောင့်ပဲ ရုရှားကသူ့ရဲ့ပြည်တွင်းကုန်ထုတ်လုပ်မှုကို မထိခိုက်စေဘဲ တစ်ဖက်မှာလည်း လုံခြုံရေးကိုအပြည့်အဝအာမခံချက်ပေးနိုင်စေဖို့အတွက် မြောက်ကိုရီးယားစစ်သည်တွေကို အရန်အင်အားစုအနေနဲ့အသုံးပြုသွားနိုင်တယ်လို့ယူဆတာပါခင်ဗျ။

တချို့တွေကတော့ အခုရောက်လာတဲ့မြောက်ကိုရီးယားစစ်သည်တွေကို ရုရှားကချက်ချင်းအသုံးပြုသွားနိုင်တယ်လို့ ထင်မြင်ယူဆကြပေမယ့် လက်တွေ့မှာတော့ အဲဒီအတိုင်းဖြစ်ဖို့ဆိုတာ သိပ်မလွယ်ဘူးခင်ဗျ။ ဘာကြောင့်လဲဆိုရင် မြောက်ကိုရီးယားစစ်သည်တွေအနေနဲ့ ရုရှားစစ်လက်နက်ပစ္စည်းတွေနဲ့ အကျွမ်းတဝင်ဖြစ်ရဦးမယ်။ ရုရှားရဲ့စစ်မြေပြင်ဆက်သွယ်ရေးစနစ်တွေကို အသုံးပြုတတ်ရဦးမယ်။ ရုရှားရဲ့မြေပြင်အနေအထားကို ကျွမ်းကျင်ရဦးမယ်။ ရာသီဥတု၊ နည်းဗျူဟာ၊ တိုက်ပွဲလုပ်ငန်းစဉ်တွေနဲ့ အကျွမ်းတဝင်ဖြစ်ရဦးမယ်။ ဒီလိုမျိုးလိုအပ်ချက်တွေကြောင့် မြောက်ကိုရီးယားစစ်သည်တွေဟာ လေ့ကျင့်မှုခံယူရဦးမှာပါ။ အနည်းဆုံးတော့ အချိန်တစ်နှစ်လောက်တော့ကြာနိုင်ပါသေးတယ်ခင်ဗျ။

မြောက်ကိုရီးယားစစ်သည်တွေ ရုရှားကိုရောက်လာခြင်းက လက်ရှိပဋိပက္ခတင်းမာမှုကို ပိုမြင့်တက်လာစေဖို့ဆိုရင် ရုရှားအနေနဲ့ မြောက်ကိုရီးယားစစ်သည်တွေကို ချက်ချင်းအလေသတကြီး တပ်ဖြန့်အသုံးပြုမှသာဖြစ်စေမယ်လို့ ဆိုရမှာပါခင်ဗျ။ ဒါကြောင့် အပေါ်မှာဆွေးနွေးခဲ့တဲ့အချက်တွေအရဆိုရင် ရုရှားကမြောက်ကိုရီးယားစစ်သည်တွေကို ချက်ချင်းတပ်ဖြန့်ဖို့ဆိုတာ မဖြစ်နိုင်သေးလို့ယူဆရပါမယ်ခင်ဗျ။ ဒါဆိုရင် တင်းမာမှုကလည်းချက်ချင်းကြီးမြင့်တက်လာမှာတော့မဟုတ်ပါဘူး။

ဒါ့အပြင် ရုရှားနိုင်ငံထဲကို မြောက်ကိုရီးယားတပ်ဖွဲ့တွေရောက်လာခြင်းက ယူကရိန်းနိုင်ငံထဲ NATO တပ်ဖွဲ့ဝင်တွေရောက်ခြင်းထက်စာရင်တော့ ရန်လိုမှုနည်းမယ်လို့ပြောနိုင်တယ်ခင်ဗျ။ ယူကရိန်းမှာရှိတဲ့ ပြည်ပတပ်ဖွဲ့တွေကျတော့ တစ်ဖက်ရန်သူကိုချေမှုန်းဖို့အတွက်သာရောက်နေကြတာခင်ဗျ။ ရုရှားဆီကို ရောက်နေတဲ့ မြောက်ကိုရီးယားတပ်ဖွဲ့တွေကျတော့ ရှေ့တန်းစစ်မြေပြင်မှာတိုက်ခိုက်ဖို့ထက် အရန်အင်အားစုအနေနဲ့သာ ရှိနေမှာဖြစ်တာကြောင့် ယူကရိန်းဆီမှာရှိနေတဲ့ ပြည်ပစစ်သည်တွေထက်သာတယ်လို့ ပြောရတာခင်ဗျ။

အမေရိကန်ဦးဆောင်တဲ့ NATO တပ်ဖွဲ့က ယူကရိန်းအနေနဲ့ ရုရှားကိုရှုံးလို့မဖြစ်ဘူးဆိုပြီး တစ်ထစ်ချစွဲကိုင်ထားတာပါ။ ဒီနေရာမှာ NATO တပ်ဖွဲ့ဆိုတာထက် အမေရိကန်ကသာ ပြဿနာမကြီးကြီးအောင်မီးထိုးလေမှုတ်လုပ်နေတာခင်ဗျ။ သူတို့က ရုရှားကိုရှုံးလို့မဖြစ်ဘူးဆိုတဲ့အတွက် ဒီပဋိပက္ခကိုပိုဆိုးစေဖို့သာလုပ်ဆောင်ရမှာပါ။ ဒီအခြေအနေမှာ ရုရှားနိုင်ငံထဲကို မြောက်ကိုရီးယားစစ်သည်တွေရောက်လာတယ်ဆိုတာက ဒီလိုတင်းမာမှုတွေကိုအနည်းငယ်လျှော့ပါးသွားစေနိုင်တယ်ခင်ဗျ။ တစ်နည်းပြောရရင် တန့်သွားတယ်ပေါ့။ အခြားတစ်ဖက်မှာလည်း ရုရှားနဲ့မြောက်ကိုရီးယားတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုက ဒီလိုအခြေအနေအထိရောက်နေတယ်ဆိုတာကိုပြသနိုင်တာကြောင့် အမေရိကန်အနေနဲ့ ကိုရီးယားကျွန်းဆွယ်အရေးမှာလည်း သတိထားရတော့မှာဖြစ်တဲ့အတွက် ခွချက်ချက်ခံလိုက်ရပြီလို့ ပြောရတာဖြစ်ပါတယ်ခင်ဗျ။

Ref: EST

ထက်မြတ်

# တရုတ်ဒုံးတပ်ဖွဲ့အနေဖြင့် ဟန့်တားနိုင်စွမ်းနှင့်တိုက်ပွဲဝင်နိုင်စွမ်းတိုးမြှင့်ရန် တရုတ်သမ္မတညွှန်ကြား

**ပေကျင်း၊ ပြည်တွင်းရေး**

တရုတ်သမ္မတရှီကျင့်ဖျင်က နိုင်ငံ၏ ဒုံးတပ်ဖွဲ့အနေဖြင့် ဟန့်တားနိုင်စွမ်းနှင့် တိုက်ပွဲဝင်နိုင်စွမ်းတို့ကို ယခုထက်ပို၍ တိုးမြှင့်ရန်ညွှန်ကြားကြောင်း တရုတ်ပြည်တွင်း သတင်းဌာနများက အောက်တိုဘာလ ၁၉ ရက်တွင်ဖော်ပြထားသည်။

ထို့ပြင် ဒုံးတပ်ဖွဲ့မှစစ်သည်များအနေဖြင့် ပါတီနှင့်ပြည်သူများက ယုံကြည်ကိုးစားရသူများဖြစ်လာစေရန် လုပ်ငန်းများကျွမ်းကျင်မှုရှိအောင် ဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်ကဆက်ပြောသည်ဟု သတင်းဌာနကဖော်ပြထားသည်။ ရှီကျင့်ဖျင်က အောက်တိုဘာလ ၁၇ ရက်တွင် ဒုံးတပ်ဖွဲ့၏တပ်မတစ်ခုသို့သွား၍ စစ်ဆေးပြီးနောက် ယခုလိုညွှန်ကြားခြင်းဖြစ်သည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ဒုံးတပ်ဖွဲ့သည် သမားရိုးကျနှင့် နျူကလီးယားဒုံးကျည်များအသုံးပြုရသောတပ်ဖွဲ့ဖြစ်ပြီး နျူကလီးယားတပ်ဖွဲ့ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများရှိစေရန် အမြဲတမ်းဆောင်ရွက်နေရသည့် တပ်ဖွဲ့တစ်ခုလည်းဖြစ်သည်။

တရုတ်နိုင်ငံက စက်တင်ဘာလတွင် နျူကလီးယားထိပ်ဖူးတပ်ဆင်နိုင်သော တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်တစ်စင်းကို ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ပစ်လွှတ်ထားသည်။ ထို့နောက် နိုင်ငံတကာအသိုင်းအဝိုင်းက တရုတ်နိုင်ငံ၏နျူကလီးယားလက်နက်ပိုင်ဆိုင်မှုအပေါ် စိတ်ဝင်စားမှုမြင့်တက်လာကြောင်း သိရသည်။

Ref: Xinhua, TST



# မြောက်ကိုရီးယားက တောင်ကိုရီးယားကို လက်တုံ့ပြန်မည်ဟုကြေညာ

**ပြုံယမ်း၊ နိုင်ငံရေး**

မြောက်ကိုရီးယားက တောင်ကိုရီးယားနိုင်ငံမှလွှတ်တင်လိုက်သည့် ဒရုန်းအစိတ်အပိုင်းများကို ရှာဖွေတွေ့ရှိပြီးနောက် ယင်းနိုင်ငံကိုလက်တုံ့ပြန်မည်ဟု အောက်တိုဘာလ ၁၉ ရက်တွင်ကြေညာလိုက်ကြောင်း သိရသည်။

ယခုရှာဖွေတွေ့ရှိသော ဒရုန်းတစ်စင်းသည် မြောက်ကိုရီးယားနိုင်ငံကိုမကောင်းကြောင်းပြောထားသည့် လက်ကမ်းစာစောင်များကြဲချသောဒရုန်းဖြစ်နိုင်ခြေများသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနကဖော်ပြထားသည်။

တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယား၏ မြေပြင်၊ ရေပြင်၊ ဝေဟင်တို့ကို စစ်ရေးနည်းဖြင့်ကျူးကျော်မှုသည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးချိုးဖောက်ခြင်းဖြစ်သည်ဟုသတ်မှတ်ကြောင်းနှင့် တောင်ကိုရီးယားအပေါ်စစ်ကြေညာပြီး လက်တုံ့ပြန်တိုက်ခိုက်မှုများကို ချက်ချင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း KCNA သတင်းဌာနကဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံကို ရန်သူ့နိုင်ငံအဖြစ် မကြာသေးမီကသတ်မှတ်ထားစဉ် တောင်ကိုရီးယားဘက်ကမူ ၎င်းတို့၏ဒရုန်းများက နယ်စပ်ကိုဖြတ်ကျော်ခဲ့ခြင်း ရှိ၊ မရှိဆိုသည့်အပေါ် အတည်ပြုရန်ငြင်းဆိုထားကြောင်း သိရသည်။

Ref: RT



# ယူကရိန်းငြိမ်းချမ်းရေး ထာဝရတည်တံ့ရမည်ဟု ပူတင်ပြော

**မော်စကို၊ ငြိမ်းချမ်းရေး**

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံနှင့် ငြိမ်းချမ်းရေးကိုအလိုရှိကြောင်း၊ သို့သော် ထိုငြိမ်းချမ်းရေးသည် ထာဝရတည်တံ့ရမည်ဖြစ်ကြောင်းနှင့် ခဏတစ်ဖြုတ်စစ်ပြေငြိမ်းရေးကိုအလိုမရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာလ ၁၈ ရက်တွင်ပြောသည်။

ရုရှားအစိုးရ၏ရည်မှန်းချက်သည် နိုင်ငံ၏ရေရှည်လုံခြုံရေးအကျိုးစီးပွား ခိုင်မာသေချာစေရန်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအကြောင်းပြောဆိုရာတွင် သီတင်းပတ်တစ်ပတ်၊ နှစ်ပတ် သို့မဟုတ် တစ်နှစ်မျှသာကြာမြင့်မည့် အပစ်အခတ်ရပ်စဲရေးမျိုးမဖြစ်သင့်ကြောင်း၊ ထိုကာလတွင် NATO တပ်ဖွဲ့အနေဖြင့် ယူကရိန်းကို စစ်လက်နက်ပစ္စည်းများ ပိုမိုတပ်ဆင်ပေးကာ ခဲယမ်းများစုပုံလာနိုင်ကြောင်း ပူတင်က BRICS အဖွဲ့ဝင်နိုင်ငံများမှ ဦးဆောင်သတင်းဌာနများနှင့်တွေ့ဆုံစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ထို့ပြင် ရုရှား-ယူကရိန်းပဋိပက္ခသည် နိုင်ငံတကာရေးရာတွင် လက်မခံနိုင်စရာကောင်းသည့်ကိစ္စဖြစ်သည်ကို ရုရှားအစိုးရကနားလည်ကြောင်း၊ ထို့ကြောင့်ပင် ရုရှားနိုင်ငံက ထိုပဋိပက္ခကိုငြိမ်းချမ်းသောနည်းလမ်းဖြင့် အမြန်ဆုံးအဆုံးသတ်သွားစေရန် အခြားသူများထက်အလိုရှိနေခြင်းဖြစ်ကြောင်း ပူတင်ကအလေးပေးပြောထားသည်။

Ref: RT

## သတင်းတိုကဏ္ဍ

### ဆူဒန်နိုင်ငံရှိပြည်သူသုံးသန်းကျော် ကာလဝမ်းရောဂါဖြစ်နိုင်ဟု ယူနီဆက်သတိပေး

ဆူဒန်နိုင်ငံရှိ ပြည်သူသုံးသန်းကျော်အနေဖြင့် ကာလဝမ်းရောဂါဖြစ်ပွားနိုင်သည့်အခြေအနေရှိနေကြောင်း ကုလသမဂ္ဂကလေးငယ်ရန်ပုံငွေအဖွဲ့ (ယူနီဆက်)က အောက်တိုဘာလ ၁၈ ရက်တွင် သတိပေးထားသည်။

"အသက်ငါးနှစ်အောက် ကလေးငယ်ငါးသိန်းကျော်အပါအဝင် ပြည်သူ ၃ ဒသမ ၁ သန်းက ကာလဝမ်းရောဂါဖြစ်နိုင်မယ့် အခြေအနေနဲ့ရင်ဆိုင်နေရပါတယ်" ဟု ယူနီဆက်က လူမှုကွန်ရက်တွင်တင်ထားခြင်းဖြစ်သည်။

ဆူဒန်နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါကာကွယ်ဆေးထိုးလုပ်ငန်းမှာ ယခင်က ရာခိုင်နှုန်း ၈၀ အထိရှိရာမှ နိုင်ငံအတွင်း ပဋိပက္ခများဖြစ်ပွားသည့် ယမန်နှစ်ပြီလမတိုင်မီမှာပင် ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

ထို့ပြင် ပဋိပက္ခဖြစ်ပွားနေသောဒေသများရှိဆေးရုံများအနက် ၇၀ ရာခိုင်နှုန်းကျော်မှာ လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိသည့်အပြင် ရှေ့တန်းတွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများမှာလည်း လစာမရသည်မှာ လပေါင်းများစွာကြာမြင့်နေပြီဖြစ်ကြောင်း သိရသည်။

Ref: Xinhua

### လက်ဘနွန်မှ ဒရုန်းတစ်စင်းက အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုအိမ်ကို ပစ်မှတ်ထား

လက်ဘနွန်နိုင်ငံမှ အောက်တိုဘာလ ၁၉ ရက်တွင်လွှတ်တင်လိုက်သည့် ဒရုန်းတစ်စင်းသည် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုနေအိမ်ကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးကထုတ်ပြန်ထားသည်။

ထိုဒရုန်းက နေတန်ယာဟု၏ကိုယ်ပိုင်နေအိမ်ကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သော်လည်း ထိုအချိန်တွင် ဝန်ကြီးချုပ်နှင့် ဇနီးက အဆိုပါနေအိမ်၌မရှိနေကြောင်းနှင့် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသေဆုံးသူမရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အဆိုပါဒရုန်းသည် နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းရှိ နေအိမ်တစ်လုံးကိုထိမှန်သွားသော်လည်း ထိုနေအိမ်သည်ဝန်ကြီးချုပ်၏နေအိမ်မဟုတ်ကြောင်း အစ္စရေးတပ်မတော်နှင့် အစ္စရေးသတင်းဌာနများကထုတ်ပြန်ထားသည်။

အလားတူ အဆိုပါဒရုန်းတိုက်ခိုက်မှုအပြီးတွင် နောက်ထပ်ဒရုန်းနှစ်စင်းဝင်ရောက်လာသော်လည်းကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း စစ်ဘက်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ Ref: Xinhua

### အမျိုးသားတစ်ဦးက ဂျပန်၏ LDP ပါတီရုံးချုပ်ကို ဓာတ်ဆီပုလင်းဗုံးများဖြင့်ပစ်ပေါက်

ဂျပန်အမျိုးသားတစ်ဦးသည် နိုင်ငံ၏အာဏာရပါတီဖြစ်သော LDP ပါတီ၏ ရုံးချုပ်ကို အောက်တိုဘာလ ၁၉ ရက်တွင် ဓာတ်ဆီပုလင်းဗုံးများဖြင့်ပစ်ပေါက်မှုလုပ်ဆောင်ကြောင်းသိရသည်။ ထို့ပြင် ယင်းအမျိုးသားသည် ဝန်ကြီးချုပ်ရုံးအနီးတွင် ချထားသော လက်ဆွဲသံဘာဂျာအတားအဆီးကို ကားဖြင့်ဝင်တိုက်ကြောင်းရဲတပ်ဖွဲ့ကပြောသည်။

ထိုဖြစ်စဉ်များသည် ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၅၀ တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ပြစ်မှုကျူးလွန်သူအသက် ၄၉ နှစ်ရှိအတ်ဆူနိုဘူအုဆူဒါဆိုသူအမျိုးသားကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်းနှင့် ထိုအမျိုးသားထံမှ ပလတ်စတစ်ဘူးအများအပြားကိုရှာဖွေတွေ့ရှိကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်များအတွင်း ဒဏ်ရာရရှိသူတစ်ဦးတစ်ယောက်မျှမရှိသော်လည်း ရဲတပ်ဖွဲ့ပိုင်ကားတစ်စီးမှာ ဓာတ်ဆီပုလင်းဗုံးထိမှန်မှုကြောင့် ခေတ္တခဏမီးစွဲလောင်သွားကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ဟုသိရသည်။

Ref: BP

### ဗြိတိန်က တရုတ်နှင့်ဆက်ဆံရေးတွင် တစ်သမတ်တည်းရှိမည်ဟုဆို

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံနှင့်ကုန်သွယ်ရေးတွင် တည်ငြိမ်ရှင်းလင်းမှုကိုလိုလားကြောင်းနှင့် ဗြိတိန်အစိုးရကလည်း တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် တစ်သမတ်တည်းရှိမည်ဟုကတိပြုကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ကြားဆက်ဆံရေးသည် စမှတ်အသစ်တစ်ခု၌ရောက်ရှိနေပြီဖြစ်ကြောင်း၊ အင်အားကြီးနိုင်ငံများကြားယှဉ်ပြိုင်မှုက ယခုအခြေအနေကို နောက်ကြောင်းပြန်မလှည့်စေသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီကပြောပြီးနောက် ဒေးဗစ်လမ်မီက အောက်တိုဘာလ ၁၉ ရက်တွင် ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ဒေးဗစ်လမ်မီသည် တရုတ်နိုင်ငံသို့ နှစ်ရက်ကြာချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် တရုတ်တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။ ထို့ပြင် ဗြိတိန်က တရုတ်နှင့်ဆက်ဆံရေးကိုပြန်လည်စတင်မည်ဟု ပြောထားကြောင်းသိရသည်။ Ref: USN

# ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့်ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော်　အောက်တိုဘာ　၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့်ရေထိန်းတမံစုစုပေါင်း(၁၂)ခု ရှိရာ အောက်တိုဘာလ ၁၉ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင်(၃ ဒသမ ၃၀)ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ (သုည ဒသမ ၀၂)ပေတိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၁၄)ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၉.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။　။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၉.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၈၇၃၆ | ၆၂၆.၆၉ | ၅၆၃၅၈၇ | ၁၃၅၅၁ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၃၀ | ၄၉၉၄ | - | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၇၇ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | - | ၆၂၆.၃၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၇၅ | ၈၈၃၅၈ | ၂၇၁ | ၁.၂၅ | ၃၄၁၂ | - | - | - | ၅၁၈.၈၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၁၀ | ၁၀၂၄၅ | ၇ | ၂.၉၀ | ၂၀၁၂ | - | - | - | ၅၀၉.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၆၈ | ၄၃၇.၈၅ | ၆၉၅၅၀ | ၂၈၆ | ၁.၁၅ | ၃၄၅၀ | - | - | - | ၄၃၇.၉၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၇ | ၅၃၄.၅၄ | ၇၃၁၅၁ | ၃၂၀ | ၀.၄၆ | ၁၈၄၉ | - | - | - | ၅၃၄.၆၂ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၆ | ၇၅၆၆ | ၁၁ | ၂.၀၄ | ၁၁၅၂ | - | - | - | ၄၁၆.၀၀ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၄၉ | ၁၀၇၃၇၀ | ၉၅ | ၆.၅၁ | ၃၅၇၂၀ | - | - | - | ၇၀၃.၅၁ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၄ | ၆၀၁.၈၉ | ၄၉၄ | ၅၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၉ | ၈၆၃.၅၅ | ၁၀၁၇၁ | ၇၀ | ၆.၄၅ | ၄၄၂၉ | - | - | - | ၈၆၃.၆၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက်　- ပေါင်းလောင်းတမံတွင် HED ရေတံခါးရှက် (၁၄) ချပ်ထောင်ထားပါသည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော်　အောက်တိုဘာ　၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၂၈၄၇)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုးနှင့် လက်ဝတ်ရတနာပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၁၂၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၄၄၀၄၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **အောက်တိုဘာလ ၁၈ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ် အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ မြိုင်ကလေးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Daihatsu Hijet (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **အောက်တိုဘာလ ၁၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၇ ဒသမ ၂၄၉)တန်၊ သစ်မာ (၄ ဒသမ ၆၆၀)တန်၊ အခြားသစ် (၃ ဒသမ ၅၁၁)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၁၆၃၈၇)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။


အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်းနှင့် ရှမ်းပြည်နယ်တို့၌ ဖမ်းဆီးရမိမှု။

အောက်တိုဘာလ ၁၅ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၈၈၀၄၃၄)**ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရ၍ သုံးစွဲသူပြည်သူများအတွက် ဘေးအန္တရာယ်ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ခြင်းနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် တရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ် လုယက်မှုကျူးလွန်ခဲ့သူ တရားခံ အမျိုးသား ၃ ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူဖမ်းဆီးရမိ



မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်းသွားလာနေသည့် ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူတရားခံများ၏ မှတ်တမ်း၏ဓာတ်ပုံ။



မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်းသွားလာနေသည့် ပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူတရားခံများအား သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။ (ဝဲမှယာ တရားခံ သိန်းဝင်းအောင်(ခ) စွေစောင်း၊ ဇော်လင်းအောင်(ခ)မဲကြီး၊ ထွန်းတောက်လင်း(ခ)ဖက်တီး)

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ဓားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ဖြစ်မှုများမှ တရားခံများအားဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ ညမပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ကျူးကျော်တဲနေသူများဖြစ်ကြသည့် ဇော်လင်းအောင်(ခ)မဲကြီး(၃၆)နှစ် (ဘ) ဦးဇော်ဝင်းအား အောက်တိုဘာလ ၁၉ ရက်နေ့နံနက် ၈ နာရီတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ ထွန်းတောက်လင်း(ခ)ဖက်တီး(၂၁)နှစ် (ဘ) ဦးဝင်းဆောင်အား နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်ရှိ ၎င်း၏အဒေါ်ဖြစ်သူနေအိမ်၌လည်းကောင်း၊ သိန်းဝင်းအောင်(ခ)စွေစောင်း(၁၉)နှစ်(ဘ)ဦးဇော်ဝင်းအား နံနက် ၁၁ နာရီ ၅၀ မိနစ်တွင် ၎င်း၏နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းအောင်(ခ)မဲကြီးပါ ၃ ဦးတို့အား စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီးနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း၌ စက်မှုဈေးတောင်ဘက်၊ (၂)လမ်းမြောက်တွင်ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ငွေတော်ကျီကုန်းဈေး၊ (၃)လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ (၅၇)လမ်း၊ မနော်ဟရီလမ်းအကွေ့တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး၊ (၅၃)လမ်း၊ မနော်ဟရီလမ်းတောင်ဘက်၊ (၂)လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ လမ်း(၆၀)၊ (၁၃၁) လမ်း၊ စက်မှုဈေးမြောက်ဘက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦး၊ (၅၈)လမ်း၊ (၁၀၆)လမ်းနှင့် (၁၀၇)လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် (၅၈) လမ်း၊ လမ်း(၃၀)နှင့် (၃၅)လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ **လုယက်မှု(၇)ကြိမ်၊** ဇူလိုင်လအတွင်း၌ (ဆ)ရပ်ကွက်၊ အေးမေတ္တာဈေး၊ (၅၁)လမ်းနှင့် (၁၂၉)လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ (၆၂)လမ်းနှင့် (၁၂၀)လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် စက်မှုပန်းခြံအကျော် (၃)လမ်းမြောက်၊ စွယ်တော်ကားကွင်းသွားသည့် လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ **လုယက်မှု (၃)ကြိမ်၊** ဩဂုတ်လအတွင်း၌ လမ်း(၃၀)နှင့် (၆၃) လမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် (၁၀၇)လမ်း၊ (၅၅)လမ်းနှင့် (၅၆)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးတို့ထံမှ **လုယက်မှု(၂)ကြိမ်၊** စက်တင်ဘာလအတွင်း၌ (၆၂)လမ်းနှင့် (၆၃)လမ်းကြား မနော်ရဟီလမ်းတွင်လမ်းလျှောက်လာသည့်အမျိုးသားတစ်ဦးထံမှ **လုယက်မှု(၁)ကြိမ်၊ စုစုပေါင်း လုယက်မှု (၁၃)ကြိမ်အား** ထွန်းတောက်လင်း(ခ)ဖက်တီးမှ ဆိုင်ကယ်မောင်းနှင်ပြီး ဇော်လင်းအောင်(ခ)မဲကြီးမှ နောက်မှထိုင်၍လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

သိန်းဝင်းအောင် (ခ)စွေစောင်းနှင့်ထွန်းတောက်လင်း(ခ)ဖက်တီးတို့မှ ဩဂုတ်လအတွင်း၌ (၅၈)လမ်းနှင့် (၅၉)လမ်းကြား၊ (၁၃၂)လမ်းနှင့် (၁၃၃)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးထံမှ **လုယက်မှု(၁)ကြိမ်၊** စက်တင်ဘာလအတွင်း၌ (၅၈)လမ်းနှင့် (၅၉)လမ်းကြား၊ (၁၁၄)လမ်းနှင့် (၁၁၅)လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် အောင်ပင်လယ်ရပ်ကွက်၊ လမ်းမမှတ်မိတွင် ရေသန့်ဝယ်ယူနေသည့် အမျိုးသမီးတစ်ဦးတို့ထံမှ **လုယက်မှု(၂)ကြိမ်၊ စုစုပေါင်းလုယက်မှု(၃)ကြိမ်အား** သိန်းဝင်းအောင်(ခ)စွေစောင်းမှ ဆိုင်ကယ်မောင်းနှင်ပြီး ထွန်းတောက်လင်း(ခ)ဖက်တီးမှ နောက်မှထိုင်၍လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင်(ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့ ၃ ဦးသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ **စုစုပေါင်းလုယက်မှု(၁၆)ကြိမ်**ကျူးလွန်ခဲ့ကြကြောင်းသိရှိရပြီး အဆိုပါလုယက်မှုများမှရရှိခဲ့သည့် သက်သေခံရွှေထည်ပစ္စည်းများအား ၎င်းတို့ထုခွဲရောင်းချခဲ့သည့် သက်ဆိုင်ရာနေရာအသီးသီးမှ သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ လုယက်မှုကျူးလွန်ခဲ့ကြသူ တရားခံ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင်(ခ)စွေစောင်းနှင့် ထွန်းတောက်လင်း(ခ)ဖက်တီးတို့အား သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများမဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများအားတွေ့ရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားပါသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂.၅˚c |
| ရန်ကုန် | ၂၃˚c | / | ၃၃.၅˚c |
| မန္တလေး | ၂၄˚c | / | ၃၃.၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၀-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၃၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၀၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၃၅၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၀၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# စိုက်ပျိုးရေပြည့်ဝစွာစနစ်တကျပေးဝေနိုင်ရေးနှင့် ရေလေလွင့်ဆုံးရှုံးမှုကာကွယ်ရန် သံခဲမြောင်း ပြန်လည်ပြုပြင်ပေး



**ကျောက်ဆည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သည် ဆည်မြောင်းချောင်းကန်ပေါများပြီး စိုက်ပျိုးရေးကိုအဓိကထားသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးဝေမြောင်းများအား ဘဏ္ဍာနှစ်အလိုက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေပြည့်ဝစွာစနစ်တကျပေးဝေနိုင်ရေးနှင့် ရေလေလွင့်ဆုံးရှုံးမှုကာကွယ်ရန်အတွက်ကျောက်ဆည်မြို့နယ် ဒါန်းကျေးရွာအနီးသံခဲမြောင်းတွင် ပျက်စီးနေသော လိုင်နင်များအား ပြန်လည်ပြုပြင်ပေးကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပျက်စီးနေသော လိုင်နင်များသည် နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် ပျက်စီးနေပြီး စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့်များ ဖြစ်ပေါ်နေကာ အုတ်လိုင်နင်အဟောင်းများ ထပ်မံမပျက်စီးစေရန်အတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ သန်းဖြင့် မြောင်း၏ဝဲ/ယာ ၂၇၅ ပေအား အပေါ်မှ ၃ လက်မထု ကွန်ကရစ်လောင်းခြင်းနှင့် ကွန်ကရစ်လိုင်နစ်အသစ်များ ဆောင်ရွက်ပေးကြောင်း သိရသည်။

လိုင်နင်အသစ်များ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် သံခဲမြောင်းသည် သန့်ရှင်းသပ်ရပ်မှုများဖြင့် ရေစီးရေလာကောင်းမွန်လာပြီး ရေသောက်ဧရိယာ သီးနှံမျိုးစုံစိုက်ဧက ၂၄၅ ဧကအား ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစွာ ရေအခက်အခဲမရှိပေးဝေနိုင်ပြီဖြစ်သောကြောင့် စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စစ်ကိုင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကြက်သွန်နီဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကြက်သွန်နီဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းခရိုင်၌ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ စစ်ကိုင်းမြို့နယ်၌ ၈၄၇ ဧကနှင့်မြင်းမူမြို့နယ်၌ ၃၈၃ ဧက စုစုပေါင်း ဧက ၁၂၃၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီဧက ၁၉၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၂၃၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ပုံမှန်အတိုင်းပါပဲ။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လည်း ချိတ်ဆက်ဆောင်ရွက်ပေးတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်ကပြောသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းခရိုင်၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၆၁၁ ဧကနှင့်မြင်းမူမြို့နယ်တွင် ၃၃၉ ဧက စုစုပေါင်း ၁၉၅၀ ဧကတို့ဖြစ်သည်။

စစ်ကိုင်းခရိုင်အတွင်းရှိ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၄၀၉)**



# မြေသားလမ်းသဲဖြူန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**ကျေးသီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်( တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝမ်မိုင်ကျေးရွာ၌ မြေသားလမ်းသဲဖြူန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးသီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ ဝမ်မိုင်ကျေးရွာတွင် အရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ မြေသားလမ်းသဲဖြူန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်( Myanmar Maritime University )တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင် စတင်ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| | ဖွင့်လှစ်မည့်သင်တန်းများ | သင်တန်းကာလ | လက်ခံမည့်ဦးရေ |
|---|---|---|---|
| (က) | သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Shipping Management) | အချိန်ပိုင်း( ၁ )နှစ် | ၅၀ |
| ( ခ ) | ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Post-Graduate Diploma in Port Management) | အချိန်ပိုင်း( ၁ )နှစ် | ၅၀ |
| ( ဂ ) | ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ ( Post-Graduate Diploma in Transport and Logistics Management ) | အချိန်ပိုင်း( ၁ )နှစ် | ၇၀ |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

( ခ ) လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၃။ ဒီပလိုမာသင်တန်းအားလုံးအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။

၄။ ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို တစ်ပတ်လျှင် (၅)ရက်(တနင်္လာနေ့မှ သောကြာနေ့)အထိ နံနက်(၇:၀၀)နာရီမှ နံနက်(၉:၀၀)နာရီအထိ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန (HRDC)တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ သင်တန်းအောင်မြင်ပြီးဆုံးပါက အောက်ပါအတိုင်း ဘွဲ့လွန်ဒီပလိုမာဘွဲ့များ ပေးအပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | Post-Graduate Diploma in Shipping Management | Dip. SM |
| ( ခ ) | Post-Graduate Diploma in Port Management | Dip. PM |
| ( ဂ ) | Post-Graduate Diploma in Transport and Logistics Management | Dip.TLM |

၆။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ(၈)ရက်နေ့ နောက်ဆုံးထား၍ ရုံးပိတ်ရက်များအပါအဝင် နံနက်(၉:၃၀)နာရီမှ ညနေ(၄:၀၀)နာရီအတွင်း တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၈။ အထက်ပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၉-၄၂၃၅၁၀၈၅၄ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**




## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## မဟာသိပ္ပံဘွဲ့သင်တန်းအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(Myanmar Maritime University)တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အောက်ပါမဟာသိပ္ပံဘွဲ့သင်တန်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင်စတင်ဖွင့်လှစ်ပို့ချမည် ဖြစ်ပါသည်-

| ဖွင့်လှစ်မည့်သင်တန်း | သင်တန်းကာလ |
|---|---|
| ထောက်ပံ့ပို့ဆောင်ရေးနှင့် လုပ်ငန်းကွန်ရက်ချိတ်ဆက်ရေး စီမံခန့်ခွဲမှုမဟာသိပ္ပံဘွဲ့ M.Sc ( Logistics & Supply Chain Management ) | အချိန်ပိုင်း (၂) နှစ် |

၂။ ပညာအရည်အချင်းသတ်မှတ်ချက်

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခုရရှိပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.SM)/ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.PM)/ထောက်ပံ့သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(Dip.TLM)သင်တန်းတစ်ခုခုအား ပျှမ်းမျှအမှတ်(၆၅)မှတ်နှင့်အထက် ရရှိအောင်မြင်ပြီးသူဖြစ်ရမည်။

( ခ ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ မဟာသိပ္ပံဘွဲ့သင်တန်းအတွက် ဝန်ထမ်းဖြစ်လျှင်(ပုဂ္ဂလိကလုပ်ငန်းအပါအဝင်)၊ ဌာနဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။ လုပ်ငန်းခွင်နှင့်ဆက်စပ်မှုရှိသူများကို ဦးစားပေးစဉ်းစားမည်။

၄။ မဟာသိပ္ပံဘွဲ့သင်တန်းကို (တနင်္လာနေ့မှ သောကြာနေ့)အထိ ညနေ(၅:၀၀)နာရီမှ (၇:၀၀)နာရီနှင့် စနေနေ့ နံနက်(၈:၀၀)နာရီမှ ညနေ(၄:၀၀)နာရီအထိ တစ်ပတ်လျှင်(၆)ရက် သင်ကြားပို့ချမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သခင်မြပန်းခြံအနီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနဝင်းအတွင်းရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာန(HRDC)တွင် ပို့ချပေးမည်ဖြစ်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်နေ့မှ စတင်ထုတ်ယူနိုင်ပြီး နိုဝင်ဘာလ(၈)ရက်နေ့ နောက်ဆုံးထား၍ ရုံးပိတ်ရက်များအပါအဝင် နံနက်(၉:၃၀)မှ ညနေ(၄:၀၀)နာရီအတွင်း ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွင် ရရှိခဲ့သည့် အမှတ်စာရင်းမူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများတွင် ဖြည့်စွက်ထားသည့်အချက်များ ပြည့်စုံမှန်ကန်ခြင်းမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၇။ အထက်ပါ မဟာသိပ္ပံဘွဲ့သင်တန်းအတွက် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်း၊ လူတွေ့ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်နေ့ရက်နှင့် လူတွေ့ဖြေဆိုရမည့်အစီအစဉ်များကို ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website www.mmu.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်- ၀၉-၄၂၃၅၁၀၈၅၄ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

### (In Members' Voluntary Winding Up)
### Notice for Members' Voluntary Winding up and To Claim Debts Due
### Pursuant to Insolvency Law 2020
### Heli Union S.A (Yangon Branch)

According to Special General Meeting's special resolutions of the Heli Union S.A (Yangon Branch)on (17.10.2024), Heli Union S.A (Yangon Branch) has been decided for Members' Voluntary Winding Up for closure and deregistration of Yangon Branch Office as from (17.10.2024) and Daw Myint Myint Toe, B.Com, CPA, Daw Myint Myint Toe Group, Certified Public Accountants is appointed as a liquidator in accordance with Insolvency Law 2020 of Myanmar.

Account receivables & account payables of the company must be claimed with strong documentary evidence to the liquidator at the address mentioned hereunder and settled within 30 days from the date of this notice. Please be informed that we will not be responsible for any debts requested after the date mentioned above.

Yours faithfully,
Daw Myint Myint Toe, B.Com, CPA
Liquidator
Heli Union S.A (Yangon Branch)
No.4, Pyidawaye Yeiktha, Kabaaye Pagoda Road,
Yankin Township, Yangon, Myanmar

**ပျောက်ဆုံးကြောင်း**

ကျော်ကျော်ဝင်း(ဘ)ဦးမြင့်အောင် ၁၂/ရပသ(နိုင်)၁၀၈၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 195368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**




**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**အလိမ္မာစာမှာရှိ**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှတစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသ သတင်း




❑ ကျောဖုံးမှအဆက်

အောက်တိုဘာလ ၂၁ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်တွင် မုန်တိုင်းငယ်(Depression) အဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာလ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# အခြေခံပညာကျောင်းများနှင့်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နှင့် တာလေမြို့တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်း


ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။


ကော့သောင်းမြို့ရှိ စာသင်ကျောင်း၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၂၄၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ကျုံပျော် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၂၄၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောကြားချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၂၄၅၄၇ ဧကကို ဇွန်လ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ အဆိုပါသီးနှံများ စိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး၊ သီးနှံများအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသီးနှံများထွက်ရှိလာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ဆက်လက်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အနေနဲ့ သီးနှံစုံဧက ၂၄၅၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာပါ။ လက်ရှိလျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ပါတယ်။ သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ပျိုးမီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ်မှာ ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်" ဟု ဦးဆန်းဝင်းက ပြောသည်။



ကျုံပျော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသည့်သီးနှံများမှာ ပီလောပီနံ ၁၇၅၅၆ ဧက ၊ ဖူးစားပြောင်း ၁၂၉၈ ဧက ၊ ကွမ်း ဧက ၃၆၀၊ နနွင်း ဧက၂၉၀၀၊ ရော်ဘာ ၁၀၈ ဧက၊ ကြံ ၅၄၅ ဧက၊ ဟင်းသီးဟင်းရွက် ၁၄၂၉ ဧက၊ ပန်း ၂၉၂ ဧက၊ ပိန်း ၄၉ ဧက၊ နာနတ် ၁၀ ဧကဖြစ်ကြောင်း သိရသည်။

သုတကျော်

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



တောင်ကြီး အောက်တိုဘာ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် နမ့်ဟူးကျေးရွာအုပ်စု နားယောင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၈ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နားယောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နားယောင်းကျေးရွာ၌ အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေ ငွေကျပ် ၆ ဒသမ ၅၄ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၅၄ သန်းကို အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စိန်လွင် (ကျေးလက်)

# အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာလကုန်ပိုင်းမှစတင်ပြီး ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်ဆေးစက်ဖြင့် ကုသမှုဆောင်ရွက်ပေးနိုင်မည်

အောင်လံ အောက်တိုဘာ ၁၉

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာလကုန်ပိုင်းမှစတင်ပြီး နာတာရှည်ခံစားနေရသော ကျောက်ကပ်ဝေဒနာရှင်များနှင့် ယာယီခံစားနေရသော ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်ဆေးစက်ဖြင့် ကုသမှုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ကျောက်ကပ်ဆေးစက်မရှိသည့်အတွက် ကျောက်ကပ်ဝေဒနာရှင်များသည် တခြားဒေသများရှိ ဆေးရုံများသို့ သွားရောက်ဆေးကြောရပြီး ယခုအခါ ထိုဆေးရုံ၌ ကျောက်ကပ်ဆေးစက် သုံးလုံးကို တပ်ဆင်ထားပြီးဖြစ်သည့်အတွက် ကျောက်ကပ်ဝေဒနာရှင်များအား အောက်တိုဘာလ လကုန်ပိုင်းမှစ၍ ကျောက်ကပ်ဆေးခြင်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

"အခုတပ်ဆင်ထားတဲ့ ကျောက်ကပ်ဆေးစက်တွေနဲ့ နာတာရှည်ကျောက်ကပ်ဝေဒနာရှင်တွေ၊ နာတာရှည်မဟုတ်တဲ့ ယာယီကျောက်ကပ်ဝေဒနာရှင်တွေကို ကုသပေးမှာပါ။ နာတာရှည်ကျောက်ကပ်ဝေဒနာရှင်တွေက တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ် ကျောက်ကပ်ကို ပုံမှန်ဆေးပေးရတယ်။ နာတာရှည်မဟုတ်တဲ့ ယာယီကျောက်ကပ်လူနာတွေကတော့ သေသေချာချာ ဆေးကြောကုသပေးလိုက်ရင် ကျောက်ကပ်က ပြန်အလုပ်လုပ်လာနိုင်ပါတယ်" ဟု အောင်လံမြို့ ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ တပ်ဆင်အသုံးပြုရန်အတွက် ကျောက်ကပ်ဆေးစက်သုံးလုံးနှင့် တွဲဖက်အသုံးပြုရန် ရေသန့်စက်တစ်လုံးတို့ကို အောင်လံမြို့ သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာမှ မူလပဓာနနာယက ဘဒ္ဒန္တစန္ဒိမာ (အောင်လံ) ဆရာတော်ကြီးက လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လက်ရှိ အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ကျောက်ကပ်ဆေးစက်များကို တပ်ဆင်ထားပြီးဖြစ်သည့်အတွက် အောင်လံမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသများမှ ကျောက်ကပ်ဝေဒနာရှင်များအနေဖြင့် ကုန်ကျစရိတ်သက်သာစွာ ကုသနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ဆေးရုံမှ တာဝန်ရှိသူများက ဒေသတွင်းရှိ ကျောက်ကပ်ဆေးခြင်းကုသမှု ခံယူလိုသော ကျောက်ကပ်ဝေဒနာရှင်များကို စတင်စာရင်းပြုစုနေပြီဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# မုံရွာမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ဆက်လက်ဆောင်ရွက်

မုံရွာ အောက်တိုဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို စုစုပေါင်း ၁၇၅ ဦးပါဝင်သော စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၃၁ ဖွဲ့ ဖွဲ့ကာ Mobile Tablet များ အသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် အောက်တိုဘာလ ၁၉ ရက်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်၌ ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စာရင်းစစ်၊ စာရင်းကောက်များ၏ သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူနေမှုကို မုံရွာခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်ပါကြီးကြပ်ကြည့်ရှုဆောင်ရွက်ပေးလျက်ရှိသည်။

မုံရွာမြို့နယ်၌ အောက်တိုဘာလ ၁ ရက်မှ ၁၈ ရက်အထိ ၇၈ ရာခိုင်နှုန်းခန့် ကောက်ယူပြီးစီးပြီဖြစ်ကာ ဆက်လက်၍လည်း ကျန်ရှိသည့်ရပ်ကွက်များအလိုက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# ပရီးမီးယားလိဂ်ပွဲစဉ်(၈) စပိန်လာလီဂါပွဲစဉ်(၁၀)နှင့် အီတလီစီးရီးအေပွဲစဉ်(၈) ပွဲကြိုသုံးသပ်ချက်များ

စည်သူအောင်



## လီဗာပူး Vs ချယ်လ်ဆီး

**ကစားမည့်ရက်/အချိန်**
**(၂၀-၁၀-၂၀၂၄ ည ၁၀:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ချယ်လ်ဆီး ၀ - ၀ လီဗာပူး**
**လီဗာပူး ၄ - ၁ ချယ်လ်ဆီး**
**ချယ်လ်ဆီး ၁ - ၁ လီဗာပူး**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**လီဗာပူး ဝေး(နိုင်) အိမ်(နိုင်) ဝေး(နိုင်)**
**ချယ်လ်ဆီး အိမ်(နိုင်) အိမ်(နိုင်) အိမ်(သရေ)**

ဒီဘောလုံးရာသီ နည်းပြဆလော့လက်အောက်မှာ ပုံစံကောင်းပြသနေတဲ့ လီဗာပူးအသင်းက ပြိုင်ပွဲစုံ ၁၀ ပွဲကစားပြီးချိန်မှာ နော်တင်ဟမ်တစ်သင်းတည်းကိုသာရှုံးနိမ့်ထားပြီး ကိုးပွဲစလုံးအနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ လီဗာပူးအသင်းတိုက်စစ်ပိုင်းကလည်း ပရီးမီးယားလိဂ်ခုနစ်ပွဲကစားပြီးချိန် ၁၃ ဂိုးရရှိအောင် စွမ်းဆောင်ထားနိုင်လို့ အိမ်ကွင်းမှာ ချယ်လ်ဆီးအသင်းကို အကောင်းဆုံးအခက်တွေ့အောင် ကစားနိုင်ပါလိမ့်မယ်။ ဒီဘောလုံးရာသီ လီဗာပူးအသင်းရဲ့ ခံစစ်ပိုင်းကလည်း အတော်လေးကို ကျစ်လျစ်မှုရှိပြီး ပရီးမီးယားလိဂ်ခုနစ်ပွဲမှာ ပေးဂိုးနှစ်ဂိုးတည်းသာရှိပြီး ပေးဂိုးအနည်းဆုံးအသင်းအဖြစ်ပါရပ်တည်နေလို့ ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းက ထိုးဖောက်ဖို့အခက်တွေ့မှာပါ။ လီဗာပူးအသင်းက နောက်ပိုင်းတွေ့ဆုံမှုတွေမှာ ချယ်လ်ဆီးအသင်းကို အမြဲအသာရရှိအောင်ကစားနိုင်ပြီး အခုအိမ်ကွင်းမှာလည်း အကောင်းဆုံးပုံစံရရှိနေလို့ ချယ်လ်ဆီးအသင်းကို ဖိအားပေးကစားနိုင်ပါလိမ့်မယ်။

ချယ်လ်ဆီးအသင်းကလည်း ဒီဘောလုံးရာသီ နည်းပြမာရက်စ်ကာလက်အောက်မှာ ပုံစံကောင်းရရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ မန်စီးတီးအသင်းတစ်သင်းတည်းကိုသာရှုံးနိမ့်ထားပြီး ကျန်ပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းတိုက်စစ်ပိုင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ထက်မြက်မှုရှိနေတယ်ဆိုပေမယ့် နှစ်ဂိုးတည်းသာခွင့်ပြုပေးထားရတဲ့ လီဗာပူးအသင်းခံစစ်ပိုင်းကို ထိုးဖောက်တိုက်စစ်ဆင်ဖို့အတွက်တော့ လိုအပ်ချက်တွေရှိနေမှာပါ။ ချယ်လ်ဆီးအသင်းက ဒီဘောလုံးရာသီမှာ အိမ်ကွင်းထက် အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း ပိုမိုအားကောင်းနေတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက လီဗာပူးအသင်းဖြစ်နေလို့ အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် ခက်ခဲမှုတွေရှိနေမှာပါ။

ဒီနှစ်သင်းတွေ့ဆုံမှုအပိုင်းမှာ လီဗာပူးအသင်းက ၁၄ ကြိမ်အနိုင်ရရှိထားပြီး ချယ်လ်ဆီးအသင်းက ၁၃ ကြိမ် ပြန်လည်အနိုင်ရရှိခဲ့ကာ ၂၄ ကြိမ်အထိ သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ချယ်လ်ဆီးအသင်းက ၂၀၂၂ ခုနှစ်က လီဗာပူးအသင်းအိမ်ကွင်းမှာ အနိုင်ရရှိပြီး နောက်ပိုင်းမှာတော့ တစ်ကြိမ်မှအနိုင်မရရှိတော့ပါဘူး။ ဒါကြောင့် ဒီနှစ်သင်းကြားခြေစွမ်းပိုင်း ကွာခြားမှုမရှိဘူးဆိုပေမယ့် အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - လီဗာပူး ၂ - ၁ ချယ်လ်ဆီး

## အက်သလက်တီကို Vs လီဂါနက်စ်

**ကစားမည့်ရက်/အချိန်**
**(၂၀-၁၀-၂၀၂၄ ည ၈:၄၅ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**အက်သလက်တီကို ၀ - ၀ လီဂါနက်စ်**
**လီဂါနက်စ် ၀ - ၁ အက်သလက်တီကို**
**အက်သလက်တီကို ၁ - ၀ လီဂါနက်စ်**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**အက်သလက်တီကို အိမ်(သရေ) ဝေး(ရှုံး) ဝေး(သရေ)**
**လီဂါနက်စ် ဝေး(သရေ) အိမ်(သရေ) အိမ်(နိုင်)**

နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့တဲ့ အက်သလက်တီကိုအသင်းက အခု အိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ အက်သလက်တီကိုအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်ခဲ့တယ်ဆိုပေမယ့် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ ကောင်းမွန်နေဆဲဖြစ်ပြီး စပိန်လာလီဂါပြိုင်ပွဲ အိမ်ကွင်းလေးပွဲကစားရာမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ရရှိထားပြီး ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ဆဲဖြစ်ပါတယ်။ အက်သလက်တီကိုအသင်းအတွက် နောက်ပိုင်းပွဲစဉ်တွေမှာ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတယ်ဆိုပေမယ့် လီဂါနက်စ်အသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိသလို လက်ရှိကစားသမားစုဖွဲ့မှုပိုင်းမှာ အက်သလက်တီကိုအသင်းက အသာစီးမှာရှိနေလို့ အခုပွဲစဉ်မှာလည်း အက်သလက်တီကိုအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ အက်သလက်တီကိုအသင်းရဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကကောင်းမွန်နေသလို ခံစစ်ပိုင်းကလည်း လေးပွဲမှာ တစ်ဂိုးတည်းသာပေးခဲ့ရပြီး သုံးပွဲကို ပေးဂိုးမရှိအောင် စွမ်းဆောင်ထားပါတယ်။

ဒီဘောလုံးရာသီ လီဂါနက်စ်အသင်းရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာမရှိဘဲ အဝေးကွင်းငါးပွဲကစားရာမှာ တစ်ပွဲမှနိုင်ပွဲမရရှိသေးဘဲ လေးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အက်သလက်တီကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့အတွက် ခက်ခဲနေမှာပါ။ လီဂါနက်စ်အသင်း နောက်ဆုံးကစားတဲ့ငါးပွဲမှာလည်း တစ်ပွဲနိုင်ပွဲရရှိခဲ့ပြီး သုံးပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားပါတယ်။ လီဂါနက်စ်အသင်းက အက်သလက်တီကိုအသင်းနဲ့တွေ့ဆုံတိုင်း ရုန်းကန်ရလေ့ရှိပြီး ၂၀၁၅ ခုနှစ်က အနိုင်ရရှိခဲ့ပြီး နောက်ပိုင်းပွဲစဉ်တွေမှာတော့ အမြင့်ဆုံးသရေရလဒ်သာစွမ်းဆောင်နိုင်ခဲ့လို့ အခုအဝေးကွင်းပွဲစဉ်မှာလည်း ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေမှာပါ။ အယ်ဗာရက်ဇ်နဲ့ ဂရစ်မန်းဇ်တို့ဦးဆောင်နေတဲ့ အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကလည်း အိမ်ကွင်းဆိုရင် သွင်းဂိုးမြူးလေ့ရှိလို့ လီဂါနက်စ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ အက်သလက်တီကိုအသင်းက ရှစ်ကြိမ်အနိုင်ရရှိထားပြီး လီဂါနက်စ်အသင်းကတော့ နှစ်ကြိမ်သာပြန်လည်အနိုင်ရရှိခဲ့ကာ လေးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှု၊ ကစားသမားစုဖွဲ့မှုနဲ့ အိမ်ရှင်အားသာချက် အဘက်ဘက်ကအသာစီးမှာရှိနေတဲ့ အက်သလက်တီကိုအသင်းရဲ့အနိုင်ရလဒ်က သေချာစေမှာပါ။

ခန့်မှန်းရလဒ် -အက်သလက်တီကို ၁ - ၀ လီဂါနက်စ်

## ရိုးမား Vs အင်တာမီလန်

**ကစားမည့်ရက်/အချိန်**
**(၂၁-၁၀-၂၀၂၄ နံနက် ၁:၁၅ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ရိုးမား ၂ - ၄ အင်တာမီလန်**
**အင်တာမီလန် ၁ - ၀ ရိုးမား**
**ရိုးမား ၀ - ၂ အင်တာမီလန်**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲအနိုင်၊ အရှုံးရလဒ်**
**ရိုးမား အိမ်(နိုင်) ဝေး(ရှုံး) ဝေး(သရေ)**
**အင်တာမီလန် ဝေး(နိုင်) အိမ်(နိုင်) အိမ်(နိုင်)**

ရိုးမားအသင်းက လက်ရှိနည်းပြဂျူရစ်လက်ထက်မှာလည်း ပုံစံကောင်းပျောက်ဆုံးနေဆဲဖြစ်ပြီး နောက်ဆုံးကစားတဲ့ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့အထိ ရုန်းကန်နေရပါတယ်။ ရိုးမားအသင်းက ဒီဘောလုံးရာသီ အိမ်ကွင်းသုံးပွဲကစားရာမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိထားပါတယ်။ ရိုးမားအသင်းက နောက်ပိုင်းပွဲစဉ်တွေမှာ အင်တာမီလန်အသင်းကို အနိုင်ရယူဖို့ခက်ခဲနေပြီး နောက်ဆုံးကစားတဲ့ခြောက်နှစ်အတွင်း တစ်ကြိမ်မှအနိုင်မရရှိခဲ့ဘဲ အခုပွဲစဉ်မှာလည်း အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရပါလိမ့်မယ်။ ဒ့ါပြင် ရိုးမားအသင်းခံစစ်ပိုင်းကလည်း နောက်ဆုံးကစားတဲ့ ငါးပွဲဆက် ဂိုးပေးရတဲ့အထိ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေပါတယ်။

အင်တာမီလန်အသင်းကတော့ နောက်ဆုံးကစားတဲ့ သုံးပွဲဆက်အနိုင်ရရှိပြီး ပုံစံကောင်းပြန်လည်ပြသနိုင်ခဲ့လို့ အခုပွဲစဉ်မှာလည်း အဝေးကွင်းဆိုပေမယ့် အင်တာမီလန်အသင်းက အဝေးကွင်းမှာရှုံးပွဲမရှိသေးဘဲ တစ်ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။ အင်တာမီလန်အသင်းက နောက်ပိုင်းနှစ်တွေမှာ ရိုးမားအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိသလို လက်ရှိခြေစွမ်းပိုင်းအရ အသာစီးမှာရှိနေလို့ အခုပွဲစဉ်မှာလည်း ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်ပါလိမ့်မယ်။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ အင်တာမီလန်အသင်းက ၁၇ ကြိမ်အနိုင်ရရှိထားပြီး ရိုးမားအသင်းကတော့ ၁၅ ကြိမ် ပြန်လည်အနိုင်ရရှိခဲ့ကာ ၁၅ ကြိမ် သရေရလဒ်ထွက်ပေါ်ထားပါတယ်။ နောက်ပိုင်းတွေ့ဆုံမှုတွေမှာ အင်တာမီလန်အသင်းကပဲ အသာစီးရရှိထားလို့ အခုပွဲစဉ်မှာလည်း အင်တာမီလန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် - ရိုးမား ၁ - ၂ အင်တာမီလန်

## ပရီးမီးယားလိဂ်ပွဲစဉ်(၈)

ဝုဗ် - **မန်စီးတီး**

## စပိန်လာလီဂါပွဲစဉ်(၁၀)

**မာယော့ကာ** - ဗယ်လ်ကာနို
**ဗီလာရီးယဲလ်** - ဂီတာဖေးလ်
**ဘာစီလိုနာ** - ဆီဗီလာ

## အီတလီစီးရီးအေပွဲစဉ်(၈)

အမ်ပိုလီ - **နာပိုလီ**
လက်ချီ - **ဗီအိုရင်တီးနား**
ကက်ဂလီယာရီ - **တိုရီနို**




ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၄)ခု နှင့်
နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

❖ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့်လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

### ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

စာ - ၂၄ သို့

ရောင်စုံပျို့သင်းစာပန်းခင်း စာ - ၁၁ သို့



လူငယ်နှင့် နှုတ်မှုစွမ်းရည်

### သဘင်ပွဲမှောက် ဆိုရေးရောက်က

လယ်တွင်းသားစောချစ်



ရသစုံစာစု

### ညောင်ပင်တစ္ဆေ ဝေလေလေ

သက်ဦးခင်

ရယ်စေပြုံးစေ

### ပြန်လာမယ်ဆိုလို့

ဖိုးပြုံးချို

### မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသား ၃ ဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာ - ၂၅ သို့

### တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၄ သို့

## အထူးမိုးလေဝသသတင်း

# လေဖိအားနည်းရပ်ဝန်း အောက်တိုဘာလ ၂၃ ရက်တွင် မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်







**နေပြည်တော် အောက်တိုဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင်

**စာမျက်နှာ ၂၈ ကော်လံ ၁** ❑

